# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၃)


# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူ

**နေပြည်တော် မတ် ၁**

၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင် စန္ဒာလင်းက ထူးမခြားနားသီချင်းခံကို မြန်မာရိုးရာစောင်းသံဖြင့် သီဆိုတီးခတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်အပူဇော်ခံယူတော်မူမည့် နိုင်ငံတော်သြဝါဒါစရိယ၊


*စာမျက်နှာ ၃ ကော်လံ ၁* ◆




နိုင်ငံတော်သမ္မတ ဦးထင်ကျော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၉) ရပ်ကွက် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။

သတင်းစဉ်

# ၂၀၁၇-၂၀၁၈ တွင် နိုင်ငံ့ရိက္ခာဖူလုံသည်သာမက ပြည်ပသို့ ဆန်တန်ချိန် သုံးသန်းထိ တင်ပို့နိုင်ခဲ့သဖြင့် စံချိန်သစ်တင်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ(၂)ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့ အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးအနက် ဂုဏ်ပြုသတ်မှတ်ထားရှိသည့် သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။ ဤကဲ့သို့ အစဉ်အလာကြီးမားသော မင်္ဂလာရက်မြတ် အချိန်အခါသမယတွင် တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ကောင်းကျိုးမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက် ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ လူဦးရေ၏ (၇၀)ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်ပါသည်။ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၏ ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှရရှိသော်လည်း တောင်သူလယ်သမားအများစုမှာ လူမှုစီးပွားဘဝနိမ့်ကျနေဆဲ ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေး၊


*စာမျက်နှာ ၆ ကော်လံ ၁* ❖


# ၂၀၁၈ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏


ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/ ၂၀၁၇၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)

ကွမ်းရွက်ပုံ ဆေးကအောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ဝီဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဒူးနာ၊ ခါးနာ၊ ကျောက်ကပ်၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း

မူးမော၊ ရင်တုန်၊ ဂက်ကြောတက်လျှင် ရှူ

ဝမုန်းရှင် လေငန်းလိမ်းဆေးရည်

မြန်မာ့အလင်း

# ငြိမ်းချမ်းရေးအိပ်မက်တို့ လက်တွေ့အကောင်အထည်ဖော်ကြပါစို့

(၇)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်၌ နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနတွင် ကျင်းပခဲ့ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါအစည်းအဝေးတွင် မွန်ပြည်သစ်ပါတီနှင့် လားဟူပါတီတို့ တက်ရောက်လာခြင်းသည် ငြိမ်းချမ်းရေးအတွက် သွေးသစ်လောင်းခြင်းဖြစ်ကြောင်း မှန်ကန်စွာထောက်ပြခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤအစည်းအဝေးသို့တက်ရောက်လာသော ကိုယ်စားလှယ်အဖွဲ့တိုင်းအား ဆုံးဖြတ်ပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တို့က ဦးဆောင်မှသာလျှင် အောင်မြင်နိုင်မည်ကို မိန့်ကြားခဲ့သည့် အဖွင့်အမှာစကား၌ ပြောကြားခဲ့သည်မှာ ဆင်ခြင်သုံးသပ်စရာကိစ္စတစ်ရပ်ဖြစ်ပါသည်။ ဤမျှရိုးစင်းသော လုပ်ထုံးလုပ်နည်းအား လိုက်နာရန်ပျက်ကွက်ခဲ့ခြင်းအပေါ် အလေးအနက်ထား သုံးသပ်ရမည် ဖြစ်ပါသည်။ တစ်ဖွဲ့တည်းသွားချင်ရာကို သွားခြင်းသည် ငြိမ်းချမ်းရေးကို မရနိုင်၊ စုဖွဲ့စုပေါင်းမှသာ ငြိမ်းချမ်းရေးရနိုင်သည်ဟူသော ရိုးစင်းသော်လည်း လိုက်နာရန်ခက်ခဲသည့်အချက်အပေါ် ပိုမိုအလေးအနက်ထားသုံးသပ်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နှိုးဆော်တိုက်တွန်းထားပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရန် အရေးအကြီးဆုံးအချက်သည် မိမိကိုယ်ကိုယ်ယုံကြည်မှုဖြစ်ကြောင်း ညွှန်ပြသကဲ့သို့ မိမိကိုယ်ကိုယ်ယုံကြည်မှုဆိုသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန်စွမ်းဆောင်နိုင်သော စွမ်းပကားရှိသည်ဟု မိမိကိုယ်ကိုယ်ယုံကြည်ခြင်းဖြစ်ကြောင်း ဖွင့်ဆိုရှင်းလင်းပြခဲ့ပါသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးလုပ်ငန်းစဉ်တို့အပေါ် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်နေသော အစုအဖွဲ့တို့က ယုံကြည်မှု ရှိ၊ မရှိဟူသော မေးခွန်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့သောအချက်သည် ငြိမ်းချမ်းရေးလိုလားသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းတိုင်းက အလေးအနက်ထားသုံးသပ်ရမည့်အချက် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲပါဝင်လျက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအား မည်ကဲ့သို့ ထူထောင်မည်ကို ပါဝင်ဆွေးနွေးမှသာ အမှန်တကယ်ယုံကြည်မှုရှိသည်၊ မရှိသည်ဆိုသည့် အချက်အပေါ် ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ခြင်းသည် သတိမမူ၊ ဂူမမြင် ဖြစ်နေခြင်းကို ထောက်ပြလိုက်ခြင်းဖြစ်ပါသည်။

အမိနိုင်ငံတော်နှင့် သင့်လျော်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့အစည်းအားလုံးကအပြန်အလှန် ညှိနှိုင်းဆွေးနွေးမှသာ ပုံဖော်တည်ဆောက်နိုင်မည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ကြားချက်သည် လှေနံဓားထစ်၊ စာအုပ်ကြီးသမားတို့၏ မှားလေ့ရှိသောအမှားကို ထောက်ပြလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ညှိနှိုင်းရေးအခန်းကဏ္ဍဆိုသည်မှာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သောအဖွဲ့အစည်းတို့က လိုလိုလားလားလက်ခံမှသာ အောင်မြင်နိုင်မည်ကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ အနာဂတ်မျိုးဆက်သစ်တို့အတွက် ငြိမ်းချမ်းသောနိုင်ငံတော်ကြီးထူထောင်ခဲ့မည်ဟူသော အိပ်မက်ကို မက်ရန်လိုသကဲ့သို့ မက်ထားသောအိပ်မက်ကို အကောင်အထည်ဖော်နိုင်စွမ်းရှိရမည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နှလုံးသွင်းရမည့် ခံယူချက်ဖြစ်ပါသည်။ သတ္တိဟူသည် လုံ့လဝီရိယထုတ် အပင်ပန်းခံခြင်းဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်သည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်သော ပုဂ္ဂိုလ်အဖွဲ့အစည်းတိုင်းက ဆုပ်ကိုင်ရမည့် ခံယူချက် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြုံတွေ့ရလျက်ရှိသော အခက်အခဲများအား ကျော်လွှားနိုင်ရန် တစ်ယောက်နှင့်တစ်ယောက် လက်တွဲကူညီဖေးမမှသာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်နိုင်မည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားချက်အပေါ် ပြည်ထောင်စုအကျိုး လိုလားသူတိုင်းက နှလုံးသွင်းရမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# ရတနာပုံတက္ကသိုလ်တွင် Buddha’s Teaching သင်တန်းဖွင့်



**မန္တလေး မတ် ၁**

ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပသည့် Buddha’s Teaching သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ရတနာပုံတက္ကသိုလ်ဓမ္မာရုံတွင် ကျင်းပသည်။

**ဟောပြော**

အခမ်းအနားကို ပါမောက္ခ ဒေါက်တာ အရှင်ဓမ္မသာမိ (အောက်စ်ဖို့ဒ်ဆရာတော်)နှင့် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ နံနက်ပိုင်းတွင် ပါမောက္ခဒေါက်တာ အရှင် ဓမ္မသာမိ (အောက်စ်ဖို့ဒ်ဆရာတော်) က ‘ဓမ္မစကြာထဲက စိတ်ခံစားမှုကိုင်တွယ်နည်း’ (Emotion Management in the Dhammacakra) ခေါင်းစဉ်ဖြင့် ဟောပြောပြီး သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။

**ပြန်လည်ဆွေးနွေး**

မွန်းလွဲ ၁ နာရီတွင် ဓမ္မဒူတ ဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒက ‘နောက်လိုက်ကောင်း စွမ်းရည်သတ္တိများ’ ခေါင်းစဉ်ဖြင့် ဟောပြောပြီး နာယူကြည်ညိုကြသော ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ပါမောက္ခ ဒေါက်တာ အရှင်ဓမ္မသာမိ (အောက်စ်ဖို့ဒ်ဆရာတော်) က “လူငယ်များက ဗဟုသုတရှာဖွေနေတဲ့အချိန်၊ စူးစမ်းလေ့လာနေတဲ့အချိန်၊ သူတို့ကိုယ်သူတို့ တည်ဆောက်နေတဲ့အချိန်မှာ ဗုဒ္ဓတရားတော်တွေက လိုအပ်နေတယ်၊ အနာဂတ်မှာ အများအကျိုးဆောင်ရွက်တဲ့နေရာမှာ ဗုဒ္ဓတရားတွေ၊ အဆုံးအမတွေ လိုအပ်တယ်လို့ ယူဆတဲ့အတွက် ယခုလို လာရောက်ဟောပြောပေးတာပါ” ဟု ပြောသည်။

**တက်ရောက်**

အဆိုပါသင်တန်းကို ပါမောက္ခ ဒေါက်တာ အရှင်ဓမ္မသာမိ (အောက်စ်ဖို့ဒ်ဆရာတော်)၊ ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒနှင့် ငါးကျမ်းပြန် ဆရာတော် ဒေါက်တာဓမ္မပိယ (Ph.D.USA) အစရှိသည့် ဆရာတော်ကြီးများက ဇန်နဝါရီလ ၂၆၊ ၂၇ ရက်တို့တွင် သင်ကြားပို့ချခဲ့ပြီး ဆရာဆရာမ၊ သင်တန်းသား သင်တန်းသူ ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

## ပဲခူးတက္ကသိုလ်ကျောင်းသားများ စုပေါင်းသွေးလှူဒါန်း

**ပဲခူး မတ် ၁**

ပဲခူးတက္ကသိုလ် ကြက်ခြေနီအသင်းမှ ကြီးမှူးကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲကို ပဲခူးတက္ကသိုလ်ဆေးရုံ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့ရာ ပဲခူးတက္ကသိုလ်ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများမှ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

သွေးလှူဒါန်းသူများအား ပဲခူးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်မောင်၊ ပဲခူးတက္ကသိုလ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဌာနမှူးဒေါက်တာခင်မာအုန်းနှင့် ဆရာဆရာမများက သွေးလှူဒါန်းသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အိုးဘိုရပ်ကွက် ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘနအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်

◆ *ရွှေဖုံးမှ*

ရွှေကျင်နိကာယဥက္ကဋ္ဌ၊ ရွှေကျင်သာသနာပိုင် ဆရာတော် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ဝိဇ္ဇောတာရုံ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတက သမ္မောဒနီယ သြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

**ဆက်ကပ်ပူဇော်**

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဘိဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့အိုးဘိုရပ်ကွက် ရွှေတောင်ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘနအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်ပူဇော်သည်။

**ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်**

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နေပြည်တော် တပ်ကုန်းမြို့ ဆရာစံရပ်ကွက် မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်ပူဇော်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ တာကလေးရပ်ကွက် မိုးကောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမေဓာစာရာ ဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အင်ဘက်တောကျေးရွာ အင်ဘက်တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိတြဉာဏအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဘိဇမဟာရဋ္ဌ ဂုရု ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်တန်းရပ်ကွက် သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြသည်။

ထို့အတူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရှမ်းပြည်နယ် နမ့်ခမ်းမြို့ အောင်ချမ်းသာရပ်ကွက် ဒက္ခိဏာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒာစရိယအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ဗိုလ်အောင်ဇေယျရပ်ကွက် မိုးကောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် မင်းပြားမြို့ မြို့မမြောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တယောသိတာရမ္ဘအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို လည်းကောင်း ဆက်ကပ်ပူဇော်ကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နေပြည်တော် တပ်ကုန်းမြို့ ဆရာစံရပ်ကွက် မဟာသီဟနာဒ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်





ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အင်ဘက်တောကျေးရွာ အင်ဘက်တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိတြဉာဏအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်တန်းရပ်ကွက် သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရှမ်းပြည်နယ် နမ့်ခမ်းမြို့အောင်ချမ်းသာရပ်ကွက် ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒာစရိယအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်

အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် ဒီပင်္ကရာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒဝံသနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျောက်ဖျာဒိုးကျေးရွာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်နီးကျွန်းကြီးစံပြကျေးရွာ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒာစရိယအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ပြည်တွင်း ပြည်ပ ဆရာတော်ကြီးများ၊ ပြည်တွင်း ပြည်ပ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးနှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါးအား လည်းကောင်း၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးနှစ်ပါးအား လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါးအား လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော် ရရှိကြသူများအား ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ကြရာ နိုင်ငံတော်သမ္မတဦး ထင်ကျော်က အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးကျော်ဝင်းနှင့် ဦးရှိန်ဝင်း၊ သီရိသုဓမ္မမဏိ ဇောတဓရဘွဲ့တံဆိပ်ရ ဦးဇေယျသူရမွန်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသားသုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသားနှစ်ဦးနှင့် သုဓမ္မမဏိ ဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသားတစ်ဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက သုဓမ္မမဏိ ဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသားသုံးဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသားသုံးဦး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က သုဓမ္မမဏိ ဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသား သုံးဦး တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် များကို ပေးအပ်ချီးမြှင့် ကြသည်။

ယင်းနောက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက သုဓမ္မမဏိ ဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသား သုံးဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသားနှစ်ဦးနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသားတစ်ဦးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသား တစ်ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်စန္ဒာဝင်း၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်ရွှေဥနှင့် ဒေါ်စမ်းစမ်းတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်က သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်ခင်ရီ၊ ဒေါ်သန်းသန်းအေးနှင့် ဒေါ်ဌေးဌေးသိန်းတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ ဇနီး ဒေါ်ခင်သက်ဌေးက သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီးတစ်ဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီး နှစ်ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချိုက သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသမီး သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်က သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသမီး နှစ်ဦး၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီးတစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ သတင်းစဉ်



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးစံပြကျေးရွာ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်စန္ဒာဝင်းအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် သီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်သန်းသန်းအေးအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ဆိုက်တီအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ရင်ရှင်အား ဘွဲ့တံဆိပ် ပေးအပ်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*
သုစမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီး သုံးဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ ဇနီး ဒေါ်ဌေးရည်က သုစမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီးသုံးဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်အေးသီတာက သုစမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီးသုံးဦး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်က သုစမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီးသုံးဦး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ ဇနီး ဒေါ်သိန်းယဉ်က သုစမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီးသုံးဦး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ခင်လေးသက်က သုစမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသမီးနှစ်ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။


နိုင်ငံတော်သမ္မတ ဦးထင်ကျော် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးကျော်ဝင်းအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


ဒုတိယသမ္မတ ဦးမြင့်ဆွေ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့ရ ဦးအောင်မြင့်အား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့ရ **Mr. Liu Wei Chun** အား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် သုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးဝင်းလှိုင်အား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း သုဓမ္မမဏိဇောတဓရဘွဲ့ရ ဒေါက်တာအောင်ကျော်ဝင်းအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သုဓမ္မ မဏိဇောတဓရ ဘွဲ့ရ ဦးထွန်းဖေအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးဇော်ဝင်းအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးချမ်းသာအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် သုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးအောင်လွင်အေးအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည် သီဟသုစမ္မသိင်္ဂီဘွဲ့ရ ဒေါ်ဖြူဖြူစိမ်းအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ ဇနီး ဒေါ်အေးသီတာ သုစမ္မသိင်္ဂီဘွဲ့ရ ဒေါ်အေးအေးသွယ်အား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ သုစမ္မသိင်္ဂီဘွဲ့ရ ဒေါ်သင်းသင်းအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်


ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သုစမ္မသိင်္ဂီဘွဲ့ရ ဒေါ်ခင်မမအား ဘွဲ့တံဆိပ် ပေးအပ်စဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ညနေပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များ၊ ဘွဲ့ခံဆရာတော်များ၏ ဒါယကာ၊ ဒါယိကာမများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဉပ္ပါတသန္တိစေတီတော် အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် ရဟန်းတော် ၁၉၉ ပါး၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီး ၉ ပါး၊ လူပုဂ္ဂိုလ် အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ၃၃ ဦး တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့သည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အခြားသော ဘေးအန္တရာယ်ကျရောက်ခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းပျက်စီးလာမှုကိုလည်း ကြုံတွေ့နေရပါသည်။ အကျိုးဆက်အနေဖြင့် တောင်သူလယ်သမားအများစုမှာ ဝင်ငွေနိမ့်ကျလာမှုကြောင့် လယ်ယာမြေများကို လက်လွှတ်ခဲ့ရရာမှ လယ်မဲ့ယာမဲ့ဘဝသို့ရောက်ရှိကာ လူမှုစီးပွားဘဝအခြေအနေများ ထိခိုက်ခဲ့ရပါသည်။

**တောင်သူလယ်သမားများ၏အခွင့်အရေး**

နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့်ကာလအတွင်း ရေရှည်တည်တံ့သော လယ်ယာထုတ်ကုန်စနစ် ထွန်းကားစေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်မျှော်မှန်း၍ ပန်းတိုင်(၉)ရပ်ကို သတ်မှတ်ထားပြီးဖြစ်ပါသည်။ ထို့အပြင် စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေရန်၊ တောင်သူလယ်သမားများ၏ အခွင့်အရေးပြည့်ဝစွာ ရရှိခံစားနိုင်စေရန်နှင့် အကျိုးစီးပွားမြင့်မားလာစေရန်၊ လယ်ယာကဏ္ဍတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး အားပေးဆောင်ရွက်ရန် စသည်တို့အပါအဝင် ရည်မှန်းချက်(၁၁)ခုကိုလည်း ချမှတ်ထားပါသည်။

ယင်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မူဝါဒ (၁၀) ချက်ကို အခြေခံပြီး စိုက်ပျိုးမွေးမြူရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေခြင်း၊ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းနှင့်အတူ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ ဝင်ငွေပါတိုးတက်လာစေခြင်း၊ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်း၍ အာဟာရပြည့်ဝသော စားနပ်ရိက္ခာများထုတ်လုပ်နိုင်ခြင်း၊ လယ်ယာစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့်အတူ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်၍ လယ်ယာထုတ်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်း၊ ကျေးလက်ဒေသလူမှုစီးပွားဘဝတိုးတက်လာခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခြင်း စသောအကျိုးကျေးဇူးများ ရရှိခံစားနိုင်ရေးအတွက် အလေးအနက်ထား၍ စီမံဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေများအား ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဒုတိယသမ္မတဦးဆောင်သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကိုလည်း ဖွဲ့စည်းကာ တောင်သူလယ်သမားများအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**သီးထပ်သီးညှပ်များပိုမိုတိုးတက်စိုက်ပျိုး**

ယခင်က သဘာဝမိုးရေကိုသာ မှီခိုအားထားပြီး စိုက်ပျိုးကြရသည့် လယ်မြေများကို ဆည်ရေသောက်စနစ်များ တည်ဆောက်ပေးနိုင်ခြင်းအားဖြင့် မူလက တစ်သီးပင်လျှင် မသေချာသည့်အခြေအနေမှ သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သဖြင့် ဆည်တာတမံကြီးများနှင့် မြစ်ရေတင်စီမံကိန်းကြီးများ ပိုမိုထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများ၊ ရေကိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးကိုလည်း ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်လျက်ရှိပါသည်။ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိမည့် သီးနှံများ၊ သီးနှံပုံစံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ပူးပေါင်း၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**“နိုင်ငံ၏ သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှုနှင့် စိုက်ပျိုးရေးအတွက် အလွန်ကောင်းမွန်သော သဘာဝမှပေးသည့် ရာသီဥတုအခြေအနေကောင်းများနှင့် ရိုးသားဖြူစင်၍ အလုပ်ကြိုးစားကြသည့် တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်သည်နှင့်အညီ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန် အခါအခွင့်သင့်သော အခြေအနေဖြစ်”**

ထို့အပြင် မိရိုးဖလာလုပ်ကွက်ငယ် လယ်မြေများကို စက်မှုလယ်ယာစနစ်တကျဖော်ထုတ်ခြင်းလုပ်ငန်းများကို ရေတိုရေရှည် စီမံကိန်းများရေးဆွဲချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖော်ဆောင်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိရေးနှင့် အခြေခံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိနိုင်ရန် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် ခေတ်မီအဆင့်မြင့် ဆန်စက်နှင့် ဆီစက်များ၊ သစ်သီးဝလံ အဆင့်မြင့်သန့်စင်စက်နှင့် ခေတ်မီထုပ်ပိုးစက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး လုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာထွက်ကုန်သီးနှံများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့်စနစ်ဖြစ်သော နိုင်ငံတကာအဆင့်မီ လက်ကားဈေးကွက် **"Wholesale Market"** များ ပေါ်ပေါက်လာရေးအတွက်လည်း စနစ်တကျစီမံဆောင်ရွက်နေပြီဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ စွမ်းအားကို ရယူပေါင်းစု၍ လယ်ယာထုတ်ကုန် သမဝါယမအသင်းများ ဖွဲ့စည်းထူထောင်ပြီး၊ မြေပြင်၍ မျိုးစေ့ချ စတင်စိုက်ပျိုးသည့်အဆင့်မှ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အဆင့်ထိ လုပ်ငန်းစဉ်အဆင့်အားလုံးတွင် တောင်သူလယ်သမားများ လက်တွေ့ပါဝင် လုပ်ဆောင်ခွင့်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများခံစားခွင့်ရရှိရေးအတွက် သမဝါယမကဏ္ဍကိုလည်း မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**တောင်သူလယ်သမားများဗဟုသုတရရှိရေး**

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ခေတ်မီစိုက်ပျိုးနည်းပညာများ တောင်သူလက်ဝယ်အရောက် အလွယ်တကူရောက်ရှိရေး ပညာပေးလုပ်ငန်းအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များဖြစ်သည့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တောင်သူလယ်သမားကြီးများ သိရှိအသုံးချနိုင်ရေးအပါအဝင် တောင်သူလယ်သမားများ၏ စိတ်လက်အပန်းဖြေအနားယူမှုကို အထောက်အပံ့ ဖြစ်စေမည့် လယ်ယာကဏ္ဍဆိုင်ရာသတင်းများ၊ ပညာပေးနှင့် ဖြေဖျော်ရေး အစီအစဉ်များ ကဏ္ဍစုံပါဝင်သော “တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း (Farmer Channel)” အစီအစဉ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးလျက်ရှိနေပြီဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လတွင် Call Center ကို စတင်ဖွင့်လှစ်ခဲ့ပြီး တောင်သူလယ်သမားများ သိလိုသည့် နည်းပညာများ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို မေးမြန်းနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိပါသည်။ ထို့အပြင် နည်းပညာတိုးတက်မှုနှင့်အညီ တောင်သူလယ်သမားများ ဗဟုသုတရရှိရေးအတွက် ဂျာနယ်များ၊ လယ်ယာစီးပွားသတင်း၊ မိုဘိုင်းဖုန်းများမှ လယ်ယာသတင်းများ ဝန်ဆောင်မှုပေးနေခြင်း၊ မိုးလေဝသသတင်းများ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးနေခြင်း စသည်တို့ဆောင်ရွက်လျက်ရှိသည့်အပြင် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းတွင် ဖွင့်လှစ်ထားရှိကာ ကျေးရွာသစ်လူပ်ရှားမှု အခြေခံ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိလူဦးရေသန်းပေါင်း (၇၀၀၀) ကျော်မှာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း (၉၀၀၀) ရှိလာမည်ဖြစ်သည့် အတွက် လိုအပ်လာမည့် စားရေရိက္ခာကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်လည်း လာမည့်နှစ်အနည်းငယ်အတွင်း တိုးပွားလာမည့် လူဦးရေအတွက် နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံစိတ်ချမှုရှိရုံသာမက နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ခုနှစ် ဆန်စပါးထုတ်လုပ်မှုတွင် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံသည်သာမက ပြည်ပသို့ ဆန်တန်ချိန် (၃) သန်းထိ တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် နှစ်ပေါင်း (၇၀)အတွင်း စံချိန်သစ်တစ်ရပ် တင်နိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုကဲ့သို့ တောင်သူလယ်သမားများ၏ ကြိုးစားအားထုတ်မှု၊ တာဝန်ရှိဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုတို့အရ ပြည်ပသို့ ဆန်တန်ချိန် (၃)သန်းထိ တင်ပို့နိုင်ခဲ့ခြင်းကြောင့် တောင်သူလယ်သမားများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**လူမှုစီးပွားဘဝမြှင့်တင်ရန်အခါအခွင့်သင့်**

မိမိတို့နိုင်ငံ၏ သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှုနှင့် စိုက်ပျိုးရေးအတွက် အလွန်ကောင်းမွန်သော သဘာဝမှပေးသည့် ရာသီဥတုအခြေအနေကောင်းများနှင့် ရိုးသားဖြူစင်၍ အလုပ်ကြိုးစားကြသည့် တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်သည်နှင့်အညီ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန် အခါအခွင့်သင့်သော အခြေအနေဖြစ်ပါသည်။

ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည်အမျိုးသားရေး အကျိုးစီးပွားအတွက် ကြုံတွေ့ရင်ဆိုင်ကြရမည့် စိန်ခေါ်မှုများနှင့် အတားအဆီးများ၊ အခက်အခဲမှန်သမျှတို့ကို ကျော်လွှားရန်အတွက် စုပေါင်းညီညာ ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။ ။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၏ ဇနီး ဒေါ်ဌေးရည် သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ခင်စန်းဦးအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး)

သတင်းစဉ်



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ၏ ဇနီး ဒေါ်သိန်းယဉ် သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ဝင်းရွှေစင်မျိုးအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး)

သတင်းစဉ်

# မြန်မာခေတ်ဆန်း ပန်းချီ၊ ပန်းပုပြပွဲ ပြပွဲရက် ထပ်မံတိုးမြှင့်ပြသ

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားက ဇာတ်ရုံ(ရန်ကုန်)တွင် ပြသလျက်ရှိသော မြန်မာခေတ်ဆန်း ပန်းချီ နှစ်(၁၀၀)ရာပြည့် ပွဲတော်အထိမ်းအမှတ် ပန်းချီ၊ ပန်းပု အနုပညာပွဲတော်ကို မတ် ၄ ရက်အထိ ထပ်မံတိုးမြှင့်ပြသလျက်ရှိကြောင်း သိရသည်။

ခေတ်ဆန်းပန်းချီ၊ ပန်းပု အနုပညာပွဲတော်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)က စီစဉ်ကျင်းပလျက်ရှိပြီး ဖေဖော်ဝါရီ ၂၇ ရက်က ဖွင့်ပွဲအဖြစ် ကျင်းပခဲ့သည်။ မူလအစီအစဉ်အရ ဖေဖော်ဝါရီ ၂၈ ရက်အထိ နှစ်ရက်တည်းသာ ပြသရန်စီစဉ်ခဲ့သည်။

မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ပန်းချီဆရာကြီး ဆြာနွယ်က “ပန်းချီဆရာတစ်ယောက်ကို တစ်ကားနှုန်းနဲ့ တောင်းထားတာ၊ ကွယ်လွန်သူပန်းချီဆရာကြီးတွေရဲ့ လက်ရာ သူ့မိသားစုတွေက လာပို့တာ၊ ယနေ့ ပန်းချီဆရာကြီးငယ်တွေရဲ့ခေတ်လက်ရာ၊ ကျောင်းသားကျောင်းသူတွေရဲ့လက်ရာစုံပါတယ်၊ ပန်းချီကားပေါင်း ၁၂၀၀ ကျော်တယ်၊ နောက် ပန်းပုရုပ်တွေပါတယ်၊ ထင်ထားတာထက်ကို အောင်မြင်ပါတယ်လို့ ဆိုရမှာဖြစ်ပါတယ်” ဟု ပြောသည်။

အနုပညာပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်စသည့်တို့မှ ပန်းချီ၊ ပန်းပု ပညာရှင်များ၏ လက်ရာစုံ ခင်းကျင်းပြသထားသည့်အပြင် ပန်းချီပညာရှင်များ လက်တွေ့သရုပ်ပြရေးဆွဲမှု၊ ပန်းပုပညာရှင်များက သစ်သား၊ ရေခဲပန်းပုရုပ်များ လက်တွေ့ထုဆစ်ပြသမှုများအပြင် ပန်းချီဆရာကြီးများက ပန်းချီလောကဖြတ်သန်းမှု ပုံရိပ်များကို ဟောပြောလျက်ရှိနေသည်။

မူလအစီအစဉ်အရ နှစ်ရက်တည်းသာ ပြသရန် စီစဉ်ခဲ့သော်လည်း ဖေဖော်ဝါရီ ၂၈ ရက်တွင် လာရောက်ကြည့်ရှုအားပေးခဲ့သော ထွန်းကော်မာရှယ်ဘဏ်နှင့် ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့၏ ပံ့ပိုးကူညီမှုဖြင့် နောက်ထပ်လေးရက်တိုးမြှင့်၍ မတ် ၄ ရက်အထိ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း ပြပွဲကော်မတီမှ ထပ်မံသိရှိရသည်။

မြန်မာခေတ်ဆန်းပန်းချီ ရာပြည့်အထိမ်းအမှတ် ပန်းချီ၊ ပန်းပုအနုပညာပွဲတော်ပြုလုပ်ရခြင်းမှာ ၁၉၁၈ ခုနှစ်မှ စတင်ဖွဲ့စည်း တည်ထောင်ခဲ့သော မြန်မာနိုင်ငံပန်းချီအနုပညာအသင်း (Burma Art Club) ဖွဲ့စည်းခြင်းနှစ် ၁၀၀ ပြည့်တွင် မြန်မာခေတ်ဆန်း ပန်းချီကို မျိုးစေ့ချပေးခဲ့သော ကျေးဇူးရှင်များဖြစ်ကြသည့် ဆရာ ဦးဘဉာဏ်၊ ဆရာဦးဘဇော်၊ ဆရာ ဦးသာထွန်း၊ Prof;Watt ,Mr.Kint,Martin John ၊ ဆရာ ဦးဘကြည်၊ ဆရာဦးစံဝင်းနှင့် မင်းကြီးကတော်ဒေါ်မြမေ(ဘွားဘုရား)တို့၏ ဂုဏ်ကျေးဇူးများကို ပြန်ပြောင်းအမှတ်ရစေသောငှာ ပွဲတော်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်တော၊ သစ်ပင်စိုက်ကြစို့**




မြန်မာ့အထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ JFE Steel Corporation စက်ရုံ မြေသန့်ပန္နက်တင် မင်္ဂလာအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❑ *ကျော်ဖုံးမှ*

တစ်နည်းအားဖြင့်ပြောရလျှင် ယနေ့သည် မြန်မာ့စက်မှုလုပ်ငန်းသမိုင်းတွင် အားသစ်လောင်းရသည့် နေ့တစ်နေ့၊ အမှတ်တရနှင့် မော်ကွန်းတင်ရသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ၎င်းအပြင် မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏တိုးတက်မှု အမှတ်လက္ခဏာဖြစ်သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဝမ်းမြောက်ကြိုဆို**

JFE MERANTI Myanmar သည် JFE-STEEL, MERANTI-STEEL, JFE-SHOJI, MRU-BENI-ITOCHU-STEEL နှင့် HANWA တို့ အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီဖြစ်သည်ဟု သိရပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင် ယခုကဲ့သို့ စီးပွားရေးလုပ်ငန်းတစ်ခုကို ထူးခြားသည့်အဖွဲ့အစည်းအားလုံး အတူတကွ လက်တွဲဆောင်ရွက်ကြသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ရှေ့ဆောင်အထူးစီးပွားရေးဇုန်ဖြစ်သည့် သီလဝါ အထူးစီးပွားရေးဇုန်တွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့် လာရောက်ရင်းနှီးမြှုပ်နှံမှုအတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ကောင်းမွန်လျင်မြန်စွာပြောင်းနေသည်နှင့်အမျှ JFE-MERANTI အနေဖြင့် ယခုကဲ့သို့ စီးပွားရေးပြောင်းလဲတိုးတက်မှုအပေါ် တစ်စိတ်တစ်ပိုင်း ပါဝင်အကျိုးပြုလာသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

**ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်**

မြန်မာနိုင်ငံ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍစုံနယ်ပယ်အသီးသီးတွင် ကြီးမားသော အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုသည် မဖြစ်မနေလိုအပ်ပါကြောင်း၊ ယခု လက်ရှိ မြန်မာနိုင်ငံ၏ အဆောက်အအုံဖွံ့ဖြိုးမှုအတွက်လိုအပ်သည့် Steel ပစ္စည်းအများစုကို ပြည်ပမှ တင်သွင်းနေရပါကြောင်း၊ အထူးသဖြင့် galvanized or colored steel sheet သွပ်ရေစိမ် Steel ချောင်း (သို့မဟုတ်) အရောင်ခြယ် Steel ပြားများ၏ ၉၀ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းနေရပါကြောင်း၊ ထို့ကြောင့် JFE-MERANTI ၏ သီလဝါအထူးစီးပွားရေးဇုန်တွင် ထုတ်လုပ်မည့် Steel သံမဏိထုတ်ကုန်ပစ္စည်းများဖြင့် မြန်မာနိုင်ငံ၏ Steel လိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခု Ground Breaking Ceremony အခမ်းအနားသည် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)၏ ပထမဆုံးပွဲဖြစ်သည့်အတွက် အပိုင်း (က) အောင်မြင်ခဲ့သည့်အတိုင်း အပိုင်း(ခ) လည်း အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ JFE-MERANTI သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီးတွင် အထောက်အပံ့ဖြစ်စေမည့် အောင်မြင်သော လုပ်ငန်းတစ်ခုဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းနှင့် ဂျပန်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ ယခုထက်ပိုမိုလာရောက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရန် အလေးအနက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုအမှတ်တရစကားပြော**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရို ဟီဂူချီနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားကြသည်။

ထို့နောက် ပန္နက်တင်မင်္ဂလာအခမ်းအနားကိုကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရို ဟီဂူချီ၊ JFE MERANTI Myanmar ကုမ္ပဏီလီမိတက်မှ CEO များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

JFE MERANTI Myanmar ကုမ္ပဏီလီမိတက်၏ JFE Steel Corporation စက်ရုံကို ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် စီမံကိန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း၊ ယင်းစက်ရုံပြီးစီးပါက မြန်မာနိုင်ငံသား ပညာရှင်နှင့် လုပ်သား ၃၀၀ ခန့် အလုပ်အကိုင်အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း၊ စတင်လုပ်ကိုင်မည့် အလွှာအုပ်ပိုင်းတွင် သွပ်နှင့်သွပ်အလူမီနီယမ်အုပ်နည်းပညာများနှင့် ပြုလုပ်သွားမည်ဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန်ပေါင်း ၁၈၀၀၀၀ ခန့်နှင့် အရောင်ခြယ်လိုင်းတွင် ဆန်းသစ်သော နည်းပညာများကို အသုံးပြု၍ အရည်အသွေးစံချိန်စံညွှန်းပြည့်ဝစွာဖြင့် တစ်နှစ်လျှင် တန်ချိန် ၉၀၀၀၀ ခန့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ JFE MERANTI ကုမ္ပဏီလီမိတက်သည် ဂျပန်နိုင်ငံရှိ စတီးနှင့်ပတ်သက်သော ကုမ္ပဏီများထဲတွင် ဒုတိယအကြီးဆုံးဖြစ်ပြီး သီလဝါ အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအနက် ရင်းနှီးမြှုပ်နှံမှု ပမာဏအများဆုံးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပူတာအိုဒေသရှိ ပြည်သူများအား တပ်မတော်လေယာဉ်ဖြင့် ရိက္ခာများတင်ပို့ပေး

**မြစ်ကြီးနား မတ် ၁**

ကချင်ပြည်နယ်အတွင်း လတ်တလောအခြေအနေများအရ ပူတာအိုဒေသ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ရိက္ခာပြတ်လပ်မှု မရှိစေရေးအတွက် လိုအပ်လျက်ရှိသော ဆန်နှင့် အခြားစားနပ်ရိက္ခာများကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် မြစ်ကြီးနားမြို့နန်ပေါင်လေဆိပ်မှတစ်ဆင့် ပူတာအိုမြို့သို့ တပ်မတော်ကုန်တင်လေယာဉ်ဖြင့် တင်ပို့ပေးလျက်ရှိသည်။

ယင်းသို့ပို့ဆောင်ရာတွင် နန်ပေါင်လေဆိပ်၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် မီးသတ်တပ်ဖွဲ့တို့က ပါဝင်ကူညီပို့ဆောင်ပေးခဲ့ကြပြီး ဖေဖော်ဝါရီ ၂၈ ရက်က ဆန်အိတ် ၂၅၇ အိတ်ကို တပ်မတော် ကုန်တင်လေယာဉ်ဖြင့် နှစ်ခေါက်ပို့ဆောင်ပေးခဲ့ပြီး ယနေ့ နံနက်ပိုင်းမှစတင်၍ ဆန်အိတ် ၃၀၃ အိတ်၊ ဆီ ၁၀ ပိဿာဝင် ၁၀ ပုံး၊ ကြက်သွန်နီငါးအိတ်၊ ကြက်သွန်ဖြူလေးအိတ်၊ ခေါက်ဆွဲခြောက် ၁၀ ဖာနှင့် ပဲနီလေးတစ်အိတ်၊ ခရမ်းချဉ်သီး၊ ကြက်ဥ၊ လက်ဖက်၊ ငါးခြောက်နှင့် ပေါင်မုန့်စသည့် စားနပ်ရိက္ခာများကို တပ်မတော်ကုန်တင် လေယာဉ်ဖြင့် ပူတာအိုမြို့သို့ သုံးခေါက် ပို့ဆောင်ပေးခဲ့ကြရာ ပူတာအိုလေဆိပ်၌ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော အဆိုပါစားနပ်ရိက္ခာများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်သားများနှင့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ ပူးပေါင်းကူညီမှုဖြင့် လက်ခံရယူလျက်ရှိကြသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပူတာအိုဒေသရှိ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအတွက် ရိက္ခာထောက်ပံ့မှုအနေဖြင့် စုစုပေါင်း ဆန်အိတ် ၅၆၀၊ စားသုံးဆီ ပိဿာ ၁၀၀နှင့် အခြားစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ထမ်းဆမ်းလိုဏ်ဂူတော်၌ ဘုရားဖူးဧည့်သည်များဖြင့် စည်ကား

**ဟိုပုံး မတ် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ထမ်းဆမ်းလိုဏ်ဂူတော်၌ တပေါင်းပွဲတော်နှင့် တောင်သူလယ်သမားနေ့အပါအဝင် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ရှည် လေးရက်ရသောကြောင့် အပန်းဖြေခရီးထွက်သူများ၊ ဒေသန္တရဗဟုသုတရှာမှီးရန် ခရီးထွက်သူများ၊ မိဘထံနှင့် မိသားစုနေရပ်ပြန်သူများ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးသူများ အများအပြားလာရောက်လည်ပတ်လျက်ရှိကြောင်း တွေ့ရသည်။



ဓမ္မမိတ်ဆွေများကလည်း လိုဏ်ဂူတော် အတွင်းအပြင်လှည့်လာ၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး ဟိုပုံးကိုရင်လေး ရှင်ပေါ်ရိသကိုလည်း ကြည်ညိုသဒ္ဓါပွားများကာ ဝတ္ထုငွေများဖြင့် ကပ်လှူပူဇော်ကြသည်ကို တွေ့ရှိရသည်။

ဒေသခံ တိုင်းရင်းသားတစ်ဦးက "ကျွန်တော်တို့ အခုလို တပေါင်းလပြည့်နေ့မှာ ထမ်းဆမ်းလိုဏ်ဂူတော်ကို လာရောက် ဖူးမြော်ခွင့်ရတဲ့အတွက် များစွာ ဝမ်းမြောက်ပီတိဖြစ်မိပါတယ်"၊ ရန်ကုန်မြို့မှ ဘုရားဖူးတစ်ဦးကလည်း "ရှမ်းပြည်နယ်ကိုရောက်တာ ပထမဦးဆုံးပါပဲ။ ရောက်တုန်းရောက်ခိုက်ရှိတဲ့ တန်ခိုးကြီးဘုရားတွေကို ဖူးမြော်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်"၊ မန္တလေးမှ ကျောင်းသူလေးတစ်ဦးကလည်း "သမီးက ကျောင်းပိတ်လို့ ရှမ်းပြည်နယ်ကိုလည်း မရောက်ဖူးလို့ လိုက်လာပြီး ဘုရားဖူးတာဖြစ်ပါတယ်။ အခုလို ဘုရားဖူးရင်း ခရီးတွေထွက်ရတာ ပျော်ပါတယ်"ဟု ရင်ဖွင့်စကားပြောကြားသွားကြောင်း သိရသည်။

ဟိုပုံးမြို့နယ်ရှိ ထမ်းဆမ်းလိုဏ်ဂူတော်၌ ဘုရားဖူးဧည့်သည်များသည် ယခင်နေ့ကထက် ပိုမိုစည်ကားလျက်ရှိပြီး ရုံးပိတ်ရက်ကာလ လေးရက်ဖြစ်သောကြောင့် ရပ်ဝေးမှ အစိုးရဝန်ထမ်းဧည့်သည်များ၊ ဒေသခံတိုင်းရင်းသားများ ပိုမိုလာရောက်လျက်ရှိကြောင်း သိရှိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

# ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် မတ် ၁**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ထားရှိသည့် နေ့တစ်နေ့ဖြစ်သော တပေါင်းလပြည့် နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ တန်ခိုးကြီး စေတီပုထိုးများ၊ အထင်ကရနေရာများနှင့် အပန်းဖြေရာ ဥယျာဉ်များတွင် ရန်ကုန်မြို့နေ ဒေသခံပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

မတ် ၁ ရက်မှ ၄ ရက်အထိသည် စနေ၊ တနင်္ဂနွေနေ့များအပြင် ဗုဒ္ဓဘာသာဝင်တို့၏ အ လေးအမြတ်ထားရှိသည့် နေ့တစ်နေ့ဖြစ်သော တပေါင်းလပြည့်နေ့နှင့်အတူ တောင်သူလယ်သမားနေ့နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် ရုံးပိတ်ရက်လေးရက် တစ်ဆက်တည်းဖြစ်ခြင်းကြောင့် ပြည်သူများအနေဖြင့် ယင်းကဲ့သို့ စိတ်အေးချမ်းသာစွာအနားယူခြင်းများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းများနှင့် ဒေသန္တရဗဟုသုတရှာမှီးခြင်းများ ပြုလုပ်ကြခြင်းဖြစ်သည်။



တပေါင်းလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဘုရားဖူးများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

### ပြည်သူများ စည်ကား

ထို့ကြောင့် ရန်ကုန်မြို့၏ အထင်ကရလည်ပတ်စရာနေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင်လည်း ဒေသခံများအပြင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်လေ့လာလည်ပတ်ကြသဖြင့် စည်ကားလျက်ရှိသည်။

မြင်းခြံမြို့မှ ဒေါ်စောငွေက "ရန်ကုန်ကိုရောက်တာ နှစ်ခေါက်ရှိပါပြီ၊ ပထမတစ်ခေါက်တုန်းက တိရစ္ဆာန်ဥယျာဉ်ကို မရောက်လိုက်ဘူး၊ အဲဒါကြောင့် အခုတစ်ခေါက်မှာ မဖြစ်မနေ အရောက်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့တာပါ၊ ကလေးတွေကို လိုက်ပို့ချင်တာလည်း ပါတာပေါ့၊ သုံးညအိပ်လေးရက်ခရီးအနေနဲ့ မိသားစုလိုက် အတူလာခဲ့ကြတာပါ၊ ဒီကနေပြန်ရင် ရေလယ်ကျောက်တန်းဘုရားကိုသွားမယ်၊ အပြန်ကျရင် ပဲခူးကို ဝင်ဖို့စီစဉ်ထားပါတယ်၊ အဓိကကတော့ ကလေးတွေ နွေရာသီကျောင်းပိတ်ရက်ဖြစ်တာကြောင့် အခုလို လာရောက်လည်ပတ်ကြတာပါ၊ အရင်နှစ်တွေတုန်းကတော့ ကျိုက်ထီးရိုးဘုရားသွားဖူးခဲ့ပါတယ်"ဟု ပြောသည်။

"အခုမှ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ရောက်ဖူးတာပါ၊ အရင်တုန်းကတော့ မန္တလေးတိရစ္ဆာန်ဥယျာဉ်ကို ရောက်ဖူးပါတယ်၊ ဒီနေ့မှာတော့ ဆင်တွေ၊ ဝက်ဝံတွေကိုတာ တွေ့ခဲ့ရတယ်၊ ကျားကိုတော့ ကြောက်လို့ ခပ်ဝေးဝေးကနေပဲ ကြည့်ခဲ့တာပါ၊ ဆင်ကြီးတွေကိုတော့ ကြံတွေဝယ်ကျွေးခဲ့ပါတယ်၊ မြွေတွေ၊ မျောက်တွေလည်း တွေ့ခဲ့တယ်၊ နောင်နှစ်တွေမှာလည်း လာလည်ချင်ပါသေးတယ်"ဟု မြင်းခြံမြို့မှ ဆဋ္ဌမတန်းဖြေဆိုထားသူ မောင်ဝင်းအောင်က လာရောက်လည်ပတ်ခဲ့မှုအပေါ် သူ၏ အတွေ့အကြုံကို ပြောသည်။

### စိတ်ဝင်တစား ကြည့်ရှု

ယနေ့သည် တပေါင်းလပြည့်၊ အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ အထူးဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ တိရစ္ဆာန် အလိမ္မာလေးများဖြစ်ကြသော ဆင်မကြီးမျိုးမျိုး၏ ဘောလုံးကန်ခြင်း (ဂိုးသွင်းခြင်း)နှင့် မျောက်၊ ဝက်ဝံတို့၏ ကျွမ်းကျင်မှုအလိုက်ကကွက်များအပြင် အဆိပ်ပြင်းသော တောကြီးမြွေဟောက်(ငန်းမြွေ)၊ ငန်းစောင်းအစရှိသည့် မြွေကြီးများနှင့် အန္တရာယ်များကြားမှ ကျွမ်းကျင်ပိုင်နိုင်စွာ ကစားပြသော မြွေဆရာကြီး ဦးစိန်တင်နှင့် မြွေဆရာမလေး မစိုးစိုးဝင်းတို့၏ မြွေပြကွက်များ၊ မျက်လှည့်ပညာရှင်မော်ဝိဇ္ဇာ သံမဏိ၏ ပညာသားပါပါ စိတ်ဝင်စားစရာ မျက်လှည့်ပြကွက်များကို လာရောက်လည်ပတ်ကြသည့် ပြည်သူများ အထူးစိတ်ဝင်တစား ကြည့်ရှုကြသည်ကို တွေ့ရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက်လည်ပတ်သူများအနေဖြင့် ဆင်၊ မြွေ၊ မျောက်၊ ကုလားအုတ် ပြကွက်နေရာများနှင့် ကျားလိုဏ်ဂူတို့ကို စိတ်ဝင်တစားလည်ပတ်ကြည့်ရှုခြင်း၊ ရေကမ္ဘာတွင် ပျော်ရွှင်စွာ ရေကစားခြင်းတို့ ပြုလုပ်ကြပြီး နားနေဆောင်များတွင်လည်း မိသားစုအလိုက် ပျော်ရွှင်စွာ ဝိုင်းဖွဲ့စားသောက်ကာ အပန်းဖြေအနားယူကြသည်ကိုလည်း တွေ့မြင်ရသည်။

### ကုသိုလ်ကောင်းမှုများ ပြုလုပ်

အလားတူ ရန်ကုန်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးတွင်လည်း တပေါင်းလပြည့် နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည့် အားလျော်စွာ ယနေ့နံနက်ပိုင်းမှ စတင်ကာ ရန်ကုန်မြို့နေဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများက ဗုဒ္ဓဘာသာဝင်များပီပီ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကာ မိမိတို့၏ မွေးနံဂြိုဟ်ခွင်များတွင် ဝတ်ပြုဆုတောင်းခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းများကြောင့် အထူးစည်ကားလျက်ရှိသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူတို့အနေဖြင့် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ စောင်းတန်းများတွင် ဝတ်ပြုဆုတောင်းခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းတို့ကို ပြုလုပ်ကြသည့်အပြင် စေတီတော်ကြီး၏ အောင်မြေနေရာတွင် မိမိတို့၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းဆောင်တာများ အကောင်အထည်ပေါ် အောင်မြင်ပြီးမြောက်စေရန်အတွက် အဓိဋ္ဌာန်ပြုခြင်းတို့ ဆောင်ရွက်ကြသည်ကိုလည်း တွေ့ရသည်။

"အလုပ်ပိတ်ရက်တွေမှာ ရန်ကုန်ကို နေ့ချင်းပြန် ဘုရားဖူးထွက်လာတာပါ၊ မနက်ပိုင်းမှာ ဗိုလ်တထောင်ဘုရား၊ ကျိုက်ဝိုင်း၊ မယ်လမုဘုရားတွေကို ဖူးခဲ့ပြီးပါပြီ၊ နေ့လယ်ပိုင်းကနေ ညနေပိုင်းအထိ ရွှေတိဂုံဘုရားကိုအချိန်ယူပြီး အေးအေးဆေးဆေးဖူးမယ်လို့ စိတ်ကူးထားတယ်၊ အချိန်ရရင်တော့ ကလေးတွေကို ကစားကွင်းတစ်ခုခု လိုက်ပို့ဖို့စီစဉ်ထားပါတယ်၊ ရန်ကုန်ကို မကြာခဏ ဘုရားဖူးလာဖြစ်ပါတယ်၊ လာတိုင်းလည်း ရွှေတိဂုံဘုရားကို အမြဲတမ်းဖူးဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ဒေါ်မြင့်မြင့်ဌေးက ပြောသည်။

ရန်ကုန်မြို့၏ တန်ခိုးကြီးစေတီပုထိုးများ၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည့်အပြင် ရန်ကုန်မြို့၏ အထင်ကရနေရာများဖြစ်သော မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံ၊ ကန်တော်ကြီးပန်းခြံ၊ မြေပဒေသာကျွန်း၊ ပြည်သူ့ရင်ပြင်အပါအဝင် ကလေးကစားကွင်းများတွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

### ခရီးထွက်သူ များပြား

ရုံးပိတ်ရက် လေးရက်တာ ကာလနှင့်အညီ ရန်ကုန်မြို့နေပြည်သူများအနေဖြင့်လည်း မြန်မာပြည်တစ်ဝန်းရှိ စေတီပုထိုးများနှင့် အပန်းဖြေနေရာများကို သွားရောက်လည်ပတ်ကြရာ ပြည်တွင်းခရီးသွားလုပ်ငန်းများ အများစုတည်ရှိရာ ရန်ကုန်ဘူတာကြီးရှေ့(အောင်ဆန်းအားကစားကွင်းတိုက်တန်းရှေ့)၌ ယမန်နေ့ညပိုင်းက ဘုရားဖူးယာဉ်ဖြင့် ခရီးထွက်ကြသည့် ရန်ကုန်မြို့နေပြည်သူများလည်း အများအပြားရှိခဲ့သည်။

"ပထမတုန်းက ကော့သောင်းဘက်ကိုသွားမယ်လို့ စီစဉ်ထားတာ၊ အနားနီးမှ ကားလက်မှတ်မရတာကြောင့် ချောင်းသာပဲသွားဖို့စီစဉ်လိုက်ရတာပါ၊ ရုံးက သူငယ်ချင်းတွေနဲ့အတူ သွားတာဆိုတော့ ပျော်စရာကောင်းမှာပါ၊ အရင်တုန်းကတော့ မိဘတွေနဲ့အတူ ချောင်းသာကို နှစ်ခေါက်ရောက်ဖူးပါတယ်၊ အခုကတော့ ရုံးက သူငယ်ချင်းတွေနဲ့ဆိုတော့ အမှတ်တရတွေပိုဖြစ်လိမ့်မယ်လို့ ထင်ပါတယ်၊ နောက်တစ်ခါခရီးထွက်ရင်တော့ ငပလီကိုသွားချင်တယ်"ဟု မင်္ဂလာတောင်ညွန့်မြို့နယ်မှ မစိုးယုခိုင်က ပြောသည်။

အလားတူ စမ်းချောင်းမြို့နယ်မှ ကိုအောင်ဝင်းက "ပုဂံ-ညောင်ဦး၊ ပုပ္ပား၊ ရွှေစက်တော်ကိုသွားမယ်၊ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ ရိုးရာအမွေအနှစ်တွေကို လေ့လာချင်လို့ပါ၊ အရင်တုန်းကတော့ အလုပ်ကိစ္စနဲ့ နှစ်ခေါက်လောက်ရောက်ဖူးပါတယ်၊ ဒီတစ်ခါတော့ ရုံးပိတ်ရက်လည်း ဖြစ်တဲ့အတွက် မိသားစုတွေပျော်ပျော်ပါးပါးသွားဖို့ ပုဂံ-ညောင်ဦးကို ရွေးချယ်ခဲ့တာပါ"ဟု သူ၏ခရီးစဉ်အပေါ် ပြောကြားသည်။

အာရှနဂါးခရီးသွားလုပ်ငန်းမှ ယာဉ်မောင်း ကိုဖုန်းက "အခု ရုံးပိတ်ရက်မှာဆိုရင် အများစုကတော့ ငွေဆောင်နဲ့ ချောင်းသာကို သွားကြတာများပါတယ်၊ အရင်တုန်းကတော့ ကျိုက်ထီးရိုးဘုရားနဲ့ မြဝတီဘက်ကို သွားလည်ကြတာတွေ များပါတယ်၊ ကျွန်တော်တို့ကတော့ ဘုရားဖူးယာဉ်မောင်းတာဆိုတော့ ရန်ကုန်မြို့နေတဲ့ လူတော်တော်များများက ရုံးပိတ်ရက်များလေ ခရီးထွက်ကြတာများလေပါပဲ၊ ခရီးသွားလာမှုအခြေအနေကတော့ အရင်နှစ်တွေထက် ခရီးထွက်လူတွေ ပိုများလာတယ်လို့ထင်ပါတယ်"ဟု သူ၏ အမြင်ကို ပြောသည်။

### အစုအဖွဲ့လိုက် တွေ့မြင်ရ

ရုံးပိတ်ရက်ခရီးစဉ်များကြောင့် ရန်ကုန်မြို့တွင်းလမ်းများဖြစ်သော ပြည်လမ်း (မြေနီကုန်းမှတ်တိုင်အနီး)၊ ကမာရွတ်မြို့နယ် (စိုက်ပျိုးရေးမှတ်တိုင်အနီး)၊ မရမ်းကုန်းမြို့နယ် (သမိုင်းလမ်းဆုံ အနီး) တို့၌ ညပိုင်းအချိန်များတွင် ဘုရားဖူးယာဉ်များကို စောင့်ဆိုင်းနေသည့် ရန်ကုန်မြို့နေပြည်သူများကို အစုအဖွဲ့အလိုက် တွေ့မြင်နေရသည်။

### ပြေပျောက်စေနိုင်

ယှဉ်ပြိုင်မှုများနှင့် တည်ဆောက်ထားသည့် ယနေ့ကမ္ဘာတွင် အဆိုပါ အများပြည်သူရုံးပိတ်ရက်လေးရက်မှာ နိုင်ငံ့ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများအဖို့မှာမူ မိမိအတွက် သာမက မိသားစုဘဝအတွက်ပါ တန်ဖိုးကြီးမားကြမည်ဖြစ်ပြီး အချို့ကလည်း ရုံးပိတ်ရက်ကာလနှင့်အညီ မိမိတို့ကြိုတင်စီစဉ်ထားသော ရပ်ဝေးရပ်နီး ဘုရားဖူးခရီးစဉ်များ၊ အပန်းဖြေခရီးထွက်ခြင်းများပြုလုပ်ကာ ဒေသန္တရဗဟုသုတများကို ရှာဖွေကြခြင်းဖြင့် ဘဝအမောများကို တစ်ဖက်တစ်လမ်းက ပြေပျောက်စေနိုင်လိမ့်မည်ဖြစ်သည်။

**ဇော်ကြီး**

---



# တပေါင်းလပြည့်နေ့၌ မန္တလေးမြို့ရှိ ဘုရားစေတီတော်များ၌ ကုသိုလ်ပြုသူများဖြင့် စည်ကား

**မန္တလေး မတ် ၁**

တပေါင်းလပြည့်နေ့ အခါသမယတွင် မန္တလေးမြို့ရှိ ဘုရားစေတီတော်များ၌ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားများပြား လျက်ရှိကြောင်း သိရသည်။

### ဆွမ်းဆန်စိမ်းလောင်းလှူ

တပေါင်းလပြည့်နေ့ နံနက်၇ နာရီတွင်လည်း မန္တလေးတောင်ဂေါပကအဖွဲ့ကကြီးမှူး၍ မန္တလေးတောင်ဆုတောင်းပြည့် ဘုရားရင်ပြင်တော်၌ ဆဋ္ဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရာ ဘုရားအမှူးရှိသော ဆရာတော် သံဃာတော် ၄၆ ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် အဖွဲ့ဝင်များသည် အရဏ်ဆွမ်းနှင့် သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဂေါပကဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေး အဖွဲ့အစည်းများနှင့် စေတနာရှင် အလှူရှင်များစုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူကုသိုလ်ပြုကြသည်။

### စာရေးတံမဲ

ဝေရောစန ကျောက်စိမ်းစေတီတော်၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ စေတီတော် ဘုရားဒါယကာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများက ဘုရားအမှူးရှိသော ဆရာတော် သံဃာတော် ၁၀၈ ပါးတို့အား စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပူဇော်၍ လှူဒါန်းကုသိုလ်ပြုခဲ့ကြသည်။

အလားတူ ကျောက်တော်ကြီး၊ မန္တလေးတောင်၊ ကုသိုလ်တော်စန္ဒာမုနိ၊ ရွှေကျီးမြင်ဘုရား၊ တဝဂူဘုရား၊ဘုရားနီဘုရား၊ ချမ်းသာရ၊ ချမ်းသာကြီးဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရား၊ စွယ်တော်မြတ်စေတီတော် အပါအဝင် မန္တလေးမြို့ရှိ ဘုရားပုထိုးစေတီတော်များ၌ အလှူဒါနပြုကြသူများ၊ ဒါန သီလ ဘာဝနာ တရား အားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူး စည်ကားလျက်ရှိကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# တက္ကသိုလ်ဝင်တန်း ဖြေဆိုတော့မည့် သားမောင်သို့

**တိုက်မောင်း**

**သားရေ...**

မကြာခင်ရက်ပိုင်းအတွင်းမှာပဲ သားဘဝရဲ့ အလှည့်အပြောင်းလို့ဆိုရမယ့် အတန်းတင်စာမေးပွဲကြီး ဖြေရတော့မယ်နော်။ ငယ်ငယ်ကတည်းက ကျောင်းစတက်လာခဲ့တာဟာ အခြေခံပညာဆိုတဲ့ ပန်းတိုင်ကိုကျော်ဖြတ်ဖို့ လက်တစ်ကမ်းပဲ လိုတော့တယ် သား။

တကယ်တော့ အဖေလည်း အခုသားပြေးနေတဲ့ တာဝေးအပြေးလမ်းမပေါ်ကို အရင်က ကိုယ်တိုင်ကိုယ်ကျ ပြေးခဲ့ဖူးတာမို့ ဘယ်လောက်သက်လုံကောင်းဖို့လိုပြီး စိတ်ရှည်ဇွဲကောင်းဖို့ လိုတယ်ဆိုတာ ကောင်းကောင်းသိပါတယ်။ အခုပြောပြမယ့် အကြောင်းအရာတွေဟာ အဖေ့ကိုယ်တွေ့တွေမို့ သားအတွက် အသုံးဝင်လိမ့်မယ်လို့ အဖေထင်တယ် သား။

သားလည်း ဒီအချိန်မှာတော့ လာမယ့်စာမေးပွဲကြီးအတွက် ဖြေဆိုဖို့ အဆင်သင့်ပြင်ဆင်ပြီးလောက်ပြီလို့ အဖေယုံကြည်ပါတယ်။ စာမေးပွဲမှာ ဘယ်ဘာသာရပ်တွေကို ဘယ်လိုဖြေတယ်ဆိုတာထက် ဆောင်ရန်ရှောင်ရန် အချက်တွေကိုပဲ ဦးစားပေးပြီး ပြောသွားမှာဖြစ်တယ်။

ပထမဦးဆုံး သားလိုက်နာရမှာကတော့ ဒီရက်ပိုင်းမှာ ကျန်းမာရေးကို အထူးဂရုစိုက်ဖို့ပဲ။ ကျန်းမာနေဖို့က ပထမ။ စာမေးပွဲနီးနေလို့ဆိုပြီး မအိပ်မနေစာကျက်တာကို လုံးဝရှောင်ကြဉ်ရပါမယ်။ ကျောင်းသားတစ်ယောက်ဟာ စာမေးပွဲတွင်းမှာ အနည်းဆုံးအိပ်ချိန် ၆ နာရီတော့ လိုအပ်တယ်လို့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီက အဖေမှတ်သားထားခဲ့ရဖူးတယ်။ ဒါ့ကြောင့် စာမေးပွဲတွင်းမှာသတ်မှတ်ထားတဲ့ အချိန်ကို လုံလောက်စွာ အိပ်စက်အနားယူဖို့ သားကို အဖေ အထူးမှာကြားချင်တယ်။

နောက်တစ်ချက်က အိပ်တဲ့အချိန်မှာ နွေးနွေးထွေးထွေး အိပ်ဖို့ပဲ။ စာကြည့်နေရင်း အလွန်အိပ်ချင်လာလို့ ခြင်ထောင်မထောင်မိဘဲ၊ ပူလို့ဆိုပြီး အင်္ကျီမဝတ်မိဘဲ အိပ်ရာထဲမှာ တန်းထိုးပြီး အိပ်တာမျိုးကို ရှောင်ကြဉ်ရမယ်သား။ ဥပမာ- ည ၁၁ နာရီမှာ အိပ်မယ်လို့ကြိုတင်ပြီး စဉ်းစားထားတာမျိုး။ အိပ်ခါနီးမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်လို့ရအောင် စီမံရမယ်။ အထူးအရေးကြီးဆုံးက ဘယ်အချိန်မှာ အိပ်ရာထမယ်ဆိုတာကြိုတင်စဉ်းစားပြီး နာရီနှိုးစက်ပေးဖို့ မမေ့ပါနဲ့။ အဆောင်မှာပဲ နေနေ၊ အိမ်မှာပဲနေနေ တခြားသူကို ကိုယ်စားနှိုးပေးဖို့ အားမကိုးပါနဲ့။ မိမိဘာသာ နှိုးစက်ကိုသာ ထမယ့်အချိန်နဲ့ မလွဲအောင် သေသေချာချာဂရုစိုက် အချိန်တိုက်ပြီး ဓာတ်ခဲအား ရှိ မရှိ ကြိုတင်စစ်ဆေးထားဖို့ မမေ့ပါနဲ့။

**သားရေ...**

စာမေးပွဲနီးလာတဲ့အချိန်မှာ အစားအသောက်ကိုလည်း အထူးဂရုစိုက်ဖို့လိုပါတယ်။ ဝမ်းလျှောဝမ်းပျက်ဖြစ်နိုင်တဲ့ လက်သုပ်ချဉ်တွေ၊ ခန္ဓာကိုယ်ကို လေးလံထိုင်းမှိုင်းစေမယ့်၊ အကြောအချဉ်တက်စေမယ့် တမာရွက်ပြုတ်၊ တညင်းသီး၊ ဆူးပုတ်ရွက် စတဲ့အစားအစာတွေကိုလည်း ရှောင်ကြဉ်ဖို့ လိုသလို ကိုယ့်ရဲ့သွေးသားနဲ့မတည့်တဲ့ ပင်လယ်စာတွေကိုလည်း မစားမိအောင် ဂရုစိုက်ပါ သား။

စာမေးပွဲဖြေဆိုနေတဲ့ရက်အတွင်းမှာ နံနက်စာ အဆာပြေကို စားနေကျ အစားအစာတစ်မျိုးမျိုးကို စားဖြစ်အောင်စားဖို့ လိုတယ်သား။ ဘာလို့လဲဆိုတော့ သားတို့စာမေးပွဲဖြေပြီးချိန်ဟာ မွန်းတည့် ၁၂ နာရီမှ ပြီးမှာမဟုတ်လား။ မဖြေခင် ဘာမှ စားမသွားရင် စာမေးပွဲခန်းတွင်းမှာ ဗိုက်ဆာလို့ လေထိုးလေအောင့်ဖြစ်ပြီး စာမေးပွဲဖြေတာကို အနှောင့်အယှက်ဖြစ်နိုင်တယ် မဟုတ်လား။ ဒါ့ကြောင့် breakfast ကို သင့်တင့်မျှတအောင်စားပါလို့ အဖေမှာချင်တယ်။

**သားရေ...**

ဖြေဆိုရမယ့် ဘာသာရပ်တွေနဲ့ပတ်သက်လို့ ဘယ်လိုကျက်ပါ၊ ဘယ်ဟာကျက်ပါလို့ ဒီအချိန်ရောက်မှ အဖေဘာမှ အသေးစိတ်မပြောလိုဘူး။ ဒါပေမယ့် စာမေးပွဲနီးကပ်နေချိန်မှာရော၊ စာမေးပွဲတွင်းမှာပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ အနီးကပ် spot တွေအကြောင်းတော့ အဖေနည်းနည်းပြောချင်တယ်။

> **“စာမေးပွဲနီးမှ spot အားကိုးပြီး အနီးကပ်ကျက်မှတ်ဖြေဆိုဖို့ ကြံရွယ်နေသူတွေ ရှိနေတတ်တယ်။ သူတို့က အရေးပါတဲ့ အဆက်အသွယ်ရှိတယ်၊ ဟိုက ဒီက အပိုင်ရတယ်ဆိုကာ ယုံလောက်အောင်ပြောဆိုပြီး ပေးလာတဲ့ အနီးကပ် spot တွေကို မယုံကြည်ပါနဲ့၊ အားမကိုး ပါနဲ့သား”**

သားတို့သူငယ်ချင်းတွေကြားမှာ စာမေးပွဲနီးမှ spot အားကိုးပြီး အနီးကပ်ကျက်မှတ်ဖြေဆိုဖို့ ကြံရွယ်နေသူတွေ ရှိနေတတ်တယ်။ သူတို့က အရေးပါတဲ့ အဆက်အသွယ်ရှိတယ်၊ ဟိုကဒီကအပိုင်ရတယ်ဆိုကာ ယုံလောက်အောင်ပြောဆိုပြီး ပေးလာတဲ့ အနီးကပ် spot တွေကို မယုံကြည်ပါနဲ့၊ အားမကိုး ပါနဲ့သား။ ကိုယ်က တစ်နှစ်လုံး ကျောင်းစာကို ပုံမှန်လုပ်လာတာဖြစ်တဲ့အတွက် ဘာကိုမှ စိုးရိမ်နေစရာမလိုပါဘူး။ ကိုယ့်ရဲ့ ကိုယ်ပိုင်အစီအစဉ်အတိုင်းပဲ မပြောင်းလဲဘဲ ဆက်လုပ်ဖို့ လိုတယ်သား။ သူများယောင်တိုင်း လိုက်မယောင်မိပါစေနဲ့ကွာ။

**သားရေ ...**

စာမေးပွဲခန်းမဝင်မီ ကြိုတင်ပြင်ဆင်သင့်တာလေးတွေကိုလည်း သားကို အဖေသတိပေးချင်သေးတယ်။ စာမေးပွဲဖြေပြီဆိုမှတော့ နံပါတ်တစ်က ဘောပင်လိုလိမ့်မယ်။ ကိုယ်ရေးနေကျ ဘောပင်အမျိုးအစားကိုပဲ ဆက်သုံးဖို့ အကြံပေးချင်တယ်။ ဖြစ်နိုင်ရင် မင်စိုဘောပင် မသုံးစေချင်ဘူး။ ဘာလို့လဲဆိုတော့ မင်စိုဟာ ရေးပြီးရင် မတော်တဆ အဖြေစာရွက်စိုထိုင်းထိုင်း ဖြစ်တဲ့အခါ မင်အလွယ်တကူပြန့်နိုင်တာမို့ အဖြေတွေ ဖတ်မရတာမျိုး၊ စာလုံးတွေ ရောထွေးသွားတာမျိုး ဖြစ်နိုင်လို့ပဲသား။

နောက်တစ်ခုကတော့ အပြာရောင်ဘောပင်တစ်မျိုးတည်းကိုပဲ သုံးစေချင်တယ်။ မင်ရောင်က အနက်ဖြစ်လိုက်၊ အပြာဖြစ်လိုက်ဆိုရင် စာစစ်သူကို အာရုံနောက်စေလိမ့်မယ်လို့ အဖေထင်တယ်။ ဒါ့ကြောင့် စာမေးပွဲမှာ ကိုယ်ရေးနေကျဘောပင်ကို လိုအပ်သလောက် ပြည့်ပြည့်စုံစုံဝယ်ထားဖို့လိုပါမယ်။ ခဲတံ၊ ခဲဖျက်၊ မင်ဖျက်ဆေး၊ ပေတံ၊ စက်ဝိုင်း စတဲ့ လိုအပ်တဲ့ ပုံဆွဲကိရိယာတွေ (ယူခွင့်ရှိတဲ့ပစ္စည်း) ကို မရှိသေးရင် ဝယ်ယူပြီး စုံ မစုံ ကြိုတင်စစ်ဆေးထားရမှာဖြစ်တယ်။

စာမေးပွဲခန်းတွင်းရောက်မှ သူများဆီက ငှားသုံးမယ်ဆိုတဲ့ အတွေးမျိုးကို မထားဘဲနဲ့ ကိုယ်ပိုင်ပြည့်စုံအောင် ယူဆောင်သွားဖို့ ပြောချင်တယ်။ ဘာလို့လဲဆိုတော့ သူများဆီက ငှားတယ်ဆိုတာ သူများမအားရင် အားတဲ့အချိန်ထိ စောင့်နေရလိမ့်မယ်။ စာမေးပွဲခန်းတွင်းကအချိန်ဟာ စက္ကန့်တိုင်းနီးပါး အရေးကြီးတယ်ဆိုတာ သားသိပါတယ်။ အခုအဖေပြောနေတဲ့ စာမေးပွဲဖြေဆိုဖို့ လိုအပ်တဲ့ပစ္စည်းတွေကတော့ ကွန်ပျူတာစကားနဲ့ပြောရရင် Hardware ပိုင်း တစ်နည်းအားဖြင့် ကိုင်တွယ်လို့ရတဲ့ အပိုင်းတွေကို ပြောခဲ့တာပဲသား။

ကွန်ပျူတာတစ်လုံးမှာ Hardware ချည်းပဲ အသုံးပြုလို့ မရသလိုပဲ Software ဆိုတဲ့ လုပ်ငန်းတွေ ဆောင်ရွက်လို့ရတဲ့ စနစ်တွေ၊ ပရိုဂရမ်တွေ လိုအပ်တယ်သား။ ဒီလိုပဲ စာမေးပွဲခန်းအတွင်းမှာ သားကျက်မှတ်လေ့လာခဲ့တဲ့ ဘာသာရပ်တွေကို အဖြေစာရွက်ပေါ်မှာ ချရေးတာဟာ Software လို့ပဲ အဖေကတော့ တင်စားချင်တယ်။ ဒီအပိုင်းက ပိုပြီးအရေးကြီးပါတယ်။ စာမေးပွဲဖြေဆိုတဲ့နေရာမှာ ရိုးရိုးသားသားဖြေဆိုဖို့ လိုတယ်သား။ မမှန်မကန်နည်းလမ်းနဲ့ ဖြေဆိုဖို့ စိတ်နဲ့တောင် နည်းနည်းလေးမှ မကြံစည်မိပါစေနဲ့သား။ သားဟာ ဘယ်တော့မှ ဒီလို အပြုအမူမျိုး မလုပ်ဖူးဆိုတာ အဖေယုံကြည်ပါတယ်။ သူများတွေ ဘယ်လိုပဲ မရိုးမသားမှုတွေ ပြုလုပ်နေတာမြင်နေရပါစေ၊ သားအနေနဲ့ အတုမခိုးစေချင်ဘူး။

စာမေးပွဲဖြေစဉ်တစ်လျှောက်လုံး ရိုးရိုးသားသားနဲ့ ကိုယ့်ရဲ့ အရည်အချင်းအစစ်အမှန်ကို မှတ်ကျောက်တင်နိုင်မှသာ ယောကျာ်းကောင်းတို့ရဲ့ အပြုအမူလို့ အဖေထင်တယ်သား။ ဒီစာမေးပွဲဟာ သားဘဝအတွက် အရေးကြီးသလို၊ ရိုးသားစွာ ဖြေဆိုမှုဟာလည်း ကောင်းမြတ်တဲ့ ဂုဏ်တစ်ရပ်ပဲဆိုတာကို သားနားလည်စေချင်တယ်။

**သားရေ ...**

လာမယ့်စာမေးပွဲကြီးနဲ့ပတ်သက်လို့ အဖေနောက်ဆုံးမှာချင်တဲ့ အချက်တွေကတော့ ကျက်မှတ်ထားတဲ့ စာတွေကို ဘယ်လိုထိရောက်အောင် စီမံပြီး အကောင်းဆုံးဖြေဆိုရမလဲ ဆိုတာပါပဲ။ သားရဲ့လက်ထဲကို မေးခွန်းရောက်ပြီဆိုရင် အောက်မှာဖော်ပြထားတဲ့အချက်တွေအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်စေချင်တယ်။ သားသိပြီးသားတွေလည်း ဖြစ်ချင်ဖြစ်မယ် ဆိုပေမယ့် အဖေ့အတွေ့အကြုံကို ဝေမျှတဲ့ သဘော ဖြစ်ပါတယ်။ အဲဒါတွေက -

- မေးခွန်းကို အစမှအဆုံးထိ နားလည်အောင် သေသေချာချာဖတ်ပါ။ မရှင်းလင်းသည့် မေးခွန်းကို နောက်တစ်ကြိမ် ထပ်ဖတ်ပါ။
- မေးခွန်းကို သဘောပေါက်ပြီဆိုပါက မည်သည့်မေးခွန်းများသည် မိမိအပိုင်နိုင်ဆုံးဖြစ်သည်ကို ရွေးချယ်ပါ။
- ပထမဆုံးဖြေဆိုမည့် မေးခွန်းမှစပြီး ဆက်လက်၍ အစဉ်လိုက်ဖြေဆိုမည့် မေးခွန်းများကို မေးခွန်းပါနံပါတ်များဘေးမှ ခဲတံဖြင့် နံပါတ်တပ်ကာ ယာယီမှတ်သားထားပါ။ ဆိုလိုသည်မှာ မိမိအပိုင်နိုင်ဆုံးမေးခွန်းကို အရင်ဆုံးဖြေဆိုပြီး မကျေညက်ဘဲ အချိန်များစွာ စဉ်းစားပြီးမှ ဖြေဆိုရမည့် မေးခွန်းများအား နောက်ဆုံးမှထား၍ ဖြေဆိုကြရန် ဖြစ်ပါသည်။ ထိုသို့ မဟုတ်ဘဲ ကြုံသလို ဖြေမည်ဆိုပါက ဖြေဆိုချိန်အလယ်တွင် အလဟဿ အချိန်များ ကုန်ဆုံးသွားတတ်ပြီး ပိုင်နိုင်စွာရထားသော မေးခွန်းများ မဖြေလိုက်ရဘဲ ရှိတတ်သည်ကို သတိမူရန် လိုအပ်ပါတယ်။
- မိမိစတင်ဖြေဆိုသည့် မေးခွန်းမှစ၍ မေးခွန်းပါမူလနံပါတ်များကို မှန်ကန်အောင် ဦးစွာတပ်ပြီး ဖြေဆိုဖို့မမေ့ပါနဲ့။ ဥပမာ- **၃။(ခ)**
- တစ်ပုဒ်ဖြေပြီးတိုင်း ခဲတံနှင့် မျဉ်းပိတ်ပါ။
- ခေါင်းစဉ်များအောက်မှာ မျဉ်းသားရန် မမေ့ပါနဲ့။
- ဖြေဆိုရမည့် မေးခွန်းအရေအတွက်အတိုင်း ဖြေပြီး၊ မပြီး ပြန်စစ်ပါ။
- ဖြေဆိုရမည့် မေးခွန်းများအားလုံး ဖြေပြီးလို့ အချိန်ကျန်သေးပါက မိမိအဖြေလွှာကို ထပ်တလဲလဲပြန်စစ်ပါ။ ဖြေထားသည့်အထဲက အမှားများကို ပြန်တွေ့နိုင်သကဲ့သို့ အချို့မေ့လျော့နေခဲ့သော စာများပင် သတိရ၍ ပြန်လည်ဖြည့်စွက်နိုင်ပါတယ်။
- အရေးကြီးဆုံးကို နောက်ဆုံးမှ သတိပေးချင်တာကတော့ **အဖြေလွှာမှာ မိမိခုံနံပါတ်ကို မှန်မှန်ကန်ကန်တပ်ဖို့ပါပဲ။** နောက်ဆုံး၌ အခန်းစောင့် ဆရာ၊ ဆရာမကို အဖြေလွှာ မအပ်ခင် မိမိခုံနံပါတ် မှန်၊ မမှန်ကို စစ်ဖြစ်အောင် တစ်ကြိမ်တော့ စစ်လိုက်ပါ။

**သားရေ ...**

စာလည်းရှည်သွားပြီ။ ညဉ့်လည်းနက်ပြီ။ သားလည်း စာတွေကြည့်နေရလို့ အိပ်ချင်နေရော့ပေ့ါ။ မကြာခင် စာမေးပွဲကြီးကလည်း ဖြေရတော့မယ်။ ဝန်ထမ်းဖြစ်တဲ့အဖေက သားကို အနီးကပ်မကြီးကြပ်နိုင်ပေမယ့် အခုလို အဝေးကနေ အဖေ့ရဲ့ လမ်းညွှန်မှုတွေဟာ သားအတွက် ခွန်အားဖြစ်စေမယ်ဆိုရင် အဖေကျေနပ်ပါတယ်။ ကျန်းမာရေးဂရုစိုက်ပါသား။ သားရဲ့ ရည်မှန်းချက်တွေ အောင်မြင်ပြီး နိုင်ငံတော်က အားထားရတဲ့ ကျောက်ကောင်းတစ်စေ့ဖြစ်ပါစေကြောင်း ...။ ။

**အဝေးရောက်ဖေဖေ**

# ၂၀၁၈ ခုနှစ်အတွက် ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများ လျှောက်ထားမှုစတင်တော့မည်

**နေပြည်တော် မတ် ၁**

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသားများ အများဆုံး စိတ်ဝင်စားစွာ လျှောက်ထားခဲ့ကြသည့် ကိုရီးယားသမ္မတနိုင်ငံ အလုပ်လုပ်ကိုင်ခွင့်အတွက် အမှတ်ပေးစနစ်အသုံးပြု၍ အလုပ်ခန့်ထားသည့်စနစ် စတင်တော့မည်ဖြစ်ရာ ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲ ဖြေဆိုခွင့်များ မကြာမီလျှောက်ထားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ရန် အသက် ၁၈ နှစ်မှ ၃၉ နှစ်အကြား အမျိုးသားများ လျှောက်ထားနိုင်ပြီး အရေးယူခံထားရခြင်း၊ မိခင်နိုင်ငံမှ ပြည်ပသို့ ထွက်ခွာရန် တားမြစ်ခံရခြင်းရှိသူများမှအပ လျှောက်ထားနိုင်ပြီဖြစ်သည်။ ယခုနှစ်တွင် ကိုရီးယားဘာသာစကား သင်တန်းကျောင်းများသို့ စာမေးပွဲလျှောက်လွှာများ ကြိုတင်ထုတ်ပေးထားမည်ဖြစ်ပြီး သင်တန်းတာဝန်ခံများက ကိုယ်တိုင်လာရောက်၍ သင်တန်းကျောင်းအမည်၊ သင်တန်းလိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ ကျောင်းသားစာရင်း၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်တို့ကို စာရင်းပြုစုတင်ပြပြီး ကျောင်းသားဦးရေအတိုင်း လျှောက်လွှာများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“သင်တန်းကျောင်းတွေအတွက် ကြိုတင်လျှောက်လွှာတွေကို ရန်ကုန်တိုင်းဒေသကြီး အောက်မြန်မာပြည်မှာ မတ် ၅ ရက်ကနေ ၆ ရက်အထိ နဂါးရုံဘုရားလမ်း မရမ်းကုန်းမြို့နယ် CBT စင်တာမှာ ထုတ်ပေးမှာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အထက်မြန်မာပြည်အတွက်တော့ မတ် ၉ ရက်နဲ့ ၁၀ ရက်မှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုသင်တန်းကျောင်း ကနောင်မင်းသားကြီးလမ်း စက်မှုဇုန် ၂ ပြည်ကြီးတံခွန်မြို့နယ်မှာ ထုတ်ပေးသွားမှာဖြစ်ပါတယ်၊ စာမေးပွဲလျှောက်လွှာထုတ်မယ့် အားလုံးတစ်ပြေးညီရက်ကတော့ မတ် ၁၂ ရက်ကနေ ၁၅ ရက်အထိ ဖြစ်ပါတယ်၊ လျှောက်လွှာထုတ်ပေးမယ့် နေရာတွေက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုသင်တန်းကျောင်း (၄၃) ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းနဲ့ မန္တလေး ကျွမ်းကျင်မှုသင်တန်းကျောင်း ကနောင်မင်းသားကြီးလမ်းတို့မှာ ထုတ်ပေးသွားမယ်”ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ယမန်နှစ်က ကိုရီးယားသို့ သွားရောက်အလုပ်လုပ်ကိုင်ခွင့်ရရန် ကိုရီးယားဘာသာစကားဖြေဆိုနေကြသူများ

တစ်ဦးချင်းလျှောက်ထားသူများအနေဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်မှတ်ပုံတင်ကြေး အမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာနှင့်အတူ နိုင်ငံသားလက်မှတ်မူရင်းနှင့် မိတ္တူတို့ဖြင့် လျှောက်ထားရမည်ဖြစ်ကာ ၃ ဒသမ ၅၊ ၄ ဒသမ ၄ လက်မ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံဖြင့် လျှောက်ထားရမည် ဖြစ်ကြောင်း သိရသည်။

ကိုရီးယားသမ္မတနိုင်ငံသို့ ၂၀၁၁ ခုနှစ်မှ ယခုချိန်အထိ အစိုးရ၊ ပြည်ပအလုပ်အကိုင်အေဂျင်စီ အစီအစဉ်ဖြင့် စေလွှတ်ခဲ့သည့် အလုပ်သမားဦးရေမှာ နှစ်သိန်းခွဲဝန်းကျင်ရှိနေပြီး လုပ်ခလစာများပြားခြင်း၊ လုံခြုံစိတ်ချရခြင်းနှင့် ကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် လူဦးရေထောင်၊ သောင်းချီကာ တစ်နှစ်တစ်နှစ် လျှောက်ထားနေကြသည့် ပြည်ပအလုပ်အကိုင်တစ်ခုလည်း ဖြစ်သည်။

**ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

# ရခိုင်မဟာမြတ်မုနိဘုရား အာရုံခံတန်ဆောင်းအား ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ

ကျောက်တော် မတ် ၁

**ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် အထင်ကရ ရခိုင်မဟာမြတ်မုနိဘုရား အာရုံခံ တန်ဆောင်းအား ရွှေထီးတော်တင်လှူပူဇော်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက မဟာမြတ်မုနိဘုရား အနောက်ဘက် ရင်ပြင်တော်ပေါ်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပရာ ဘုရားဂေါပက အဖွဲ့ဝင်များ၊ ကျောက်တော်တပ်နယ်မှ အရာရှိ အရာခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။**



ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နမော တဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ လမုန်းသားဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကာ စိန်ဖူးတော်၊ ရွှေထီးတော်များနှင့် အမွေးနံ့သာရည်များအား ဆရာတော်ကြီးများထံ ကပ်လှူပူဇော်ကြပြီး ဆရာတော်ကြီးများက မေတ္တာသုတ်တရားတော်အား ဟောကြားချီးမြှင့်တော်မူသည်။

ယင်းနောက် စိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို ဆရာတော်ကြီးများနှင့် စေတနာရှင် အလှူရှင်များက ပင့်ဆောင်၍ မဟာမြတ်မုနိဘုရားအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး မင်္ဂလာအချိန်တွင် ရွှေထီးတော်ပထမအဆင့်အား ကပ်လှူပူဇော်စဉ် ဆရာတော်ကြီးများက ဇယန္တော အစချီသောဂါထာအား ရွတ်ဖတ်ပူဇော်ကာ ထီးတော်တင်အဆင့်ဆင့် တင်လှူပူဇော်ပြီး ရတနာ ရွှေမိုးငွေမိုး ရွာသွန်းပေးကြသည်။

ဆက်လက်၍ ထီးတော်တင်လှူရခြင်း၏ အနုမောဒနာတရားတော်အား မြို့နယ်သံဃနာယကဥက္ကဋ္ဌ လမုန်းသားဆရာတော်ကြီးက ဟောကြားချီးမြှင့်ပြီး တက်ရောက်လာကြသူများက လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ငပလီကမ်းခြေနှင့် စစ်တွေကမ်းခြေတို့၌ ရခိုင်ရိုးရာသျှစ်သောင်းမြှောက်ပွဲ အထူးစည်ကား

**သံတွဲ မတ် ၁**

တပေါင်းလပြည့်နေ့တွင် ကျင်းပသော ရခိုင်ရိုးရာ သျှစ်သောင်းမြှောက်ပွဲကို ငပလီကမ်းခြေနှင့်စစ်တွေကမ်းခြေတို့၌ ကျင်းပရာ ယခင်နှစ်များကထက် အထူးစည်ကားကြောင်း သိရသည်။

သံတွဲမြို့ ငပလီကမ်းခြေ၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် ရခိုင်ရိုးရာ သျှစ်သောင်းမြှောက်ပွဲကို ဒွါရာဝတီ လူငယ်များအဖွဲ့က ဦးဆောင်ကျင်းပသည်။ ဦးစွာ ရခိုင်မင်္ဂလာစည်တော်ကြီးတီး၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှု သုတေသီ အသျှင်ကုသလ(ငွေသဇင်-သံတွဲ)က ရခိုင်ရိုးရာ သျှစ်သောင်းမြှောက်ပွဲ အကြောင်းကို ဟောပြောသည်။



ငပလီကမ်းခြေတွင် ရခိုင်ရိုးရာသျှစ်သောင်းမြှောက်ပွဲ စည်ကားစွာကျင်းပနေစဉ်။

ယင်းနောက် ငပလီကမ်းခြေတွင် ရောက်ရှိလာသူများက မိမိတို့ပူဇော်လိုသည့် စေတီ၊ ဘုရားဆင်းတုတော်ပုံများကို သဲများ စုပုံပြီးတည်ကာ ရခိုင်ရိုးရာ သျှစ်သောင်းမြှောက်ပွဲကို ကျင်းပကြသည်။ ယခုအပတ်တွင် ရုံးပိတ်ရက်လေးရက်ဆက်တိုက်ဖြစ်နေသဖြင့် ငပလီကမ်းခြေသို့ လာရောက်သူ များပြားပြီး သျှစ်သောင်းမြှောက်ပွဲလည်း အထူးစည်ကားကြောင်း သိရသည်။

"သျှစ်သောင်းမြှောက်ပွဲက ဒီနှစ်တော့ ငပလီကို လာလည်တဲ့သူတွေနဲ့ ပိုပြီးစည်ပါတယ်၊ လူပေါင်း သုံးထောင်ကျော်လေးထောင်နီးပါး ရှိပါတယ်၊ ကျွန်တော်တို့ ဒွါရာဝတီလူငယ်တွေ ဦးဆောင်ပြီး ပြုလုပ်တာပါ၊ ကျွန်တော်တို့အဖွဲ့က သဲစေတီတည်တဲ့ လူတွေအတွက် တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ပန်းနဲ့ ဆီမီးတွေကို အခမဲ့ပေးပါတယ်၊ အချိုရည်တွေလည်း လှူပါတယ်၊ သူတို့တွေကလည်း စေတနာနဲ့ ငွေလှူကြပါတယ်၊ ယဉ်ကျေးမှုဟာ လူမျိုးတစ်မျိုးရဲ့ အသက်သွေးကြောပါ၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ယဉ်ကျေးမှု မပျောက်ဖို့ ခုလိုဖော်ထုတ်ပြီး လုပ်ကြတာပါ" ဟု သံတွဲမြို့မှ ပွဲစီစဉ်သူ ကိုစန်းကိုက ပြောသည်။

စစ်တွေမြို့ စစ်တွေဟိုတယ် ကမ်းခြေ၌ ပြုလုပ်သော ရခိုင်ရိုးရာ သျှစ်သောင်းမြှောက်ပွဲကို ဒီရေကျချိန် ယနေ့ ညနေပိုင်းတွင် ပြုလုပ်ရာ မြို့ရောတောပါ လာရောက်သူများဖြင့် စည်ကားကြောင်း တွေ့ရသည်။

ယင်းပွဲနှင့်ဆက်စပ်၍ စာရေးဆရာ ဗဂျီးကျော်(စစ်တွေ)က ပြောပြရာတွင် စစ်တွေ၌ သျှစ်သောင်းမြှောက်ပွဲကို သာကီမဏ္ဍိုင် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ဖော်ထုတ်၍ ပြုလုပ်ခဲ့ကြောင်း၊ ယခုဆိုလျှင် နှစ်စဉ် နှစ်တိုင်း ပြုလုပ်လာကြကြောင်း၊ လူကြီး လူငယ်မရွေး ရိုးရာယဉ်ကျေးမှုကို အလေးထားပေးရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ စည်စည်ကားကားတွေ့ရ၍ ဝမ်းသာကြောင်းဖြင့် ပြောကြားသည်။

**သတင်း-ကိုကြီးစော**
**ဓာတ်ပုံ-ငွေသဇင်(သံတွဲ)**

# UEHRD စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့ ပဉ္စမအသုတ် စစ်တွေမြို့သို့ ရောက်ရှိ



**စစ်တွေ မတ် ၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ လုပ်ငန်းစဉ်များအနက်မှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ပေးအပ်ဆောင်ရွက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်းလူငယ်များသည် ပဉ္စမအသုတ်အဖြစ် ယနေ့နံနက် ၉ နာရီခွဲက မော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

"ကျွန်တော်တို့မှာ စေတနာ့ဝန်ထမ်း ၄၇ ယောက်နဲ့ ကျွန်တော်တို့ဌာနက ဝန်ထမ်း ခြောက်ယောက် ကြီးကြပ်ဖို့ပါလာပါတယ်၊ ကျွန်တော်တို့အဖွဲ့ဟာ မနက်ဖြန် ဘူးသီးတောင်နဲ့မောင်တောကိုသွားမှာပါ၊ ကျွန်တော်ကတော့ မောင်တောဘက်ကို ဦးဆောင်သွားရမှာပါ၊ အခု တစ်သုတ်မှာက ပရဟိတအဖွဲ့တွေပါတယ်၊ အပြင်က အဖွဲ့တွေလည်းပါတယ်၊ ကြက်ခြေနီလည်းပါတယ်၊ သူတို့က ကူညီထောက်ပံ့ရေးတွေလုပ်တဲ့အခါမှာ ကျွန်တော်တို့က ဘယ်လို လုပ်ဆောင်ရမလဲဆိုတာကို သင်တန်းတွေပေးခဲ့တယ်၊ ဒီမှာ ကျွန်တော်တို့ ဝန်ထမ်းတွေက သူတို့အဖွဲ့တွေကိုကြီးကြပ်ပြီးတော့ ညွှန်ကြားပေးရမှာပါ၊ အခု ဒီအလုပ်ကို လုပ်ဖို့ မြန်မာတစ်ပြည်လုံးက စေတနာ့ဝန်ထမ်း လူငယ်တွေကိုလည်း ဒီအစီအစဉ်မှာ ပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်၊ ဒီလိုဒေသတွေကို သွားရောက်ပြီး လုပ်ကိုင်ပေးမယ်ဆိုတာ တော်ရုံတန်ရုံစိတ်ဓာတ်မျိုးနဲ့မရပါဘူး၊ ပြည်သူတွေထဲက ပြည်သူတွေကို ပြည်သူတွေကပဲ ဝန်းရံပြီး ကူညီထောက်ပံ့ပေးတာပါ၊ အခုအဖွဲ့မှာ ပါလာတဲ့သူတွေ အန္တရာယ်မဖြစ်အောင်နဲ့ သူတို့တွေ မြေပြင်မှာ ဖြစ်နေတဲ့အကြောင်းအရာတွေကို လက်တွေ့ကျကျ သိရအောင် လုပ်ဆောင်ပေးတာပါ" ဟု ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနမှ ဦးစီးမှူး ကိုသန်းထွန်းအောင်က ပြောသည်။

လူရည်ချွန်အဖွဲ့ကိုယ်စားပြု လိုက်ပါလာသူ မအောင်သိန်းသန်းဌေးက "ကျွန်မက လူရည်ချွန်အဖွဲ့ ကိုယ်စားပြုအဖြစ် လိုက်လာတာပါ၊ ဒီအဖွဲ့မှာ ပါဝင်လာရခြင်းက ရခိုင်မှာ ဖြစ်နေတဲ့ ပြဿနာတွေကို ကျွန်မတို့နိုင်ငံ အနေနဲ့ တစ်ဖက်သတ်ရေးတာ ခံနေရတယ်လို့ ခံစားရတယ်၊ အဲဒါကြောင့် ကျွန်မကိုယ်တိုင် အဲဒီဒေသတွေကိုရောက်လို့ ရှိရင် အဲဒီမှာ တကယ် ဘာတွေဖြစ်နေလဲဆိုတာ မျက်မြင်ကိုယ်တွေ့ သိရလို့ရှိရင် ကျွန်မအနေနဲ့တတ်နိုင်သလောက်လေးပေါ့၊ သတင်းတွေမှာ ဒီလိုမဟုတ်ပါဘူး၊ အမှန်က ဒီလိုဖြစ်နေတာပါဆိုပြီး ပြန်ပြောချင်တယ် "ဟု ပြောသည်။

အဆိုပါ ပဉ္စမအသုတ် စေတနာ့ဝန်ထမ်းလူငယ်များသည် မတ် ၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာပြီး ဘူးသီးတောင်၊ မောင်တောဒေသရှိ ကျေးရွာများသို့ မတ် ၃ ရက်မှ ၁၂ ရက်အထိ ကွင်းဆင်းကာ ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာနေပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့၊ ဘော်လခဲမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ခရမ်းမြို့တွင် ၀ ဒသမ ၂၈ လက်မဖြစ်သည်။ **မိုး/ဇလ**

# ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းမြောက်ရန် အဆင့်များ

(၁) ကျူးလွန်ရန် အကြံအစည်ရှိရမည်၊
(၂) ကျူးလွန်ရန်အတွက် လိုအပ်ချက်များ ပြင်ဆင်ခြင်းရှိရမည်၊
(၃) ပြစ်မှုမြောက်စေရန် တိုက်ရိုက်ရှေးရှုပြုလုပ်သည့် အားထုတ်ခြင်း ရှိရမည်၊
(၄) ပြစ်မှု အကောင်အထည်ဖော်ခြင်းရှိရမည်။

**(၁၉-၁-၂၀၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများပါ ဆောင်းပါးရှင် မောင်စာဂ၏ ရာဇဝတ်ပြစ်မှု တစ်ခုကျူးလွန်သည်ဆိုရာဝယ် ဆောင်းပါးမှ ကောက်နုတ်ချက်)**

# အကြံအစည်သက်သက်သည် ရာဇဝတ်ပြစ်မှုမြောက်သလား

ရာဇဝတ်ပြစ်မှုများတွင် ကျူးလွန်ရန်အကြံအစည်သက်သက်ရှိရုံမျှဖြင့် ပြစ်မှုမမြောက်ပါ။ သို့ရာတွင် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ဖို့အတွက် တစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်ရာရောက်သည်။ ပူးပေါင်းကြံစည်ထားသည့်အတိုင်း မည်သည့်ပြုလုပ်မှု တစ်စုံတစ်ရာကိုမျှ ပြုလုပ်ကြခြင်းမရှိစေကာမူ ပူးပေါင်းကြံစည်ကြသည်နှင့် ပြစ်မှုမြောက်သည်။ ပြစ်ဒဏ်မှာ သေဒဏ် သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်ဖြစ်သည်။ (ပုဒ်မ ၁၂၁ နှင့် ၁၂၂)

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရန်ကြံရွယ်ကြောင်း၊ ပြင်ဆင်ကြောင်း၊ ပြုဆဲဖြစ်ကြောင်း သို့မဟုတ် ပြုပြီးဖြစ်ကြောင်းသိလျက် သက်ဆိုင်ရာသို့ ချက်ချင်းဖွင့်ဟ ပြောဆိုခြင်းမပြုလျှင် ထိမ်ချန်မှုဖြင့် ခုနစ်နှစ်ထိ ထောင်ဒဏ် ချမှတ်ခြင်း ခံရမည်။ (ပုဒ်မ ၁၂၄)

**(၁၉-၁-၂၀၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများပါ ဆောင်းပါးရှင် မောင်စာဂ၏ ရာဇဝတ်ပြစ်မှု တစ်ခုကျူးလွန်သည်ဆိုရာဝယ် ဆောင်းပါးမှ ကောက်နုတ်ချက်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မတ် ၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ရုံးပိတ်ရက်ရှည်ကာလ အပန်းဖြေခရီးသွား လည်ပတ်ကြသူများ၏ စကားသံများ


ကိုအာကာကိုကို


ဒေါ်ယုယုမွန်


ဒေါ်နွဲ့ယဉ်ထွန်း


မလှယဉ်အေး


ကိုကျော်သက်နိုင်ထွန်း


မဝေရည်ဖူး

ရုံးပိတ်ရက်လေးရက်ဆက်တိုက်ရရှိသည့်အတွက် နေပြည်တော်တစ်ဝန်း စိတ်ရောကိုယ်ပါ လွတ်လပ်စွာအပန်းဖြေ အနားယူနေကြသူများကို မြင်တွေ့ရသည်။ ထိုသို့ လွတ်လပ်စွာ အပန်းဖြေအနားယူနေကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**ကိုအာကာကိုကို**
**နေပြည်တော် ကြယ်စင်ဟိန်း ယာဉ်လိုင်း**

ကျွန်တော်တို့ ယာဉ်လိုင်းကတော့ ရန်ကုန်၊ မုံရွာနဲ့ လားရှိုးမြို့တွေကိုပြေးဆွဲပါတယ်။ နေပြည်တော်ဂိတ်အနေနဲ့ မနေ့က ညနေပိုင်းက ကားလက်မှတ်တွေ အားလုံးရောင်းကုန်သွားပါတယ်။ ဒီနေ့လည်း လက်မှတ်တွေက စောစောရောင်းကုန်သွားတယ်။ နေပြည်တော်က ဝန်ထမ်းမြို့တော်လို့ ပြောလို့ရတယ်။ ဒီတစ်ပတ် ရုံးပိတ်ရက် လေးရက်ဆက်တိုက်ဖြစ်နေတော့ ဝန်ထမ်းတွေအနေနဲ့ သူတို့ရဲ့ဇာတိ မိဘနေရပ်ကို ပြန်ကြတာများတယ်။ မိသားစုအပေါင်းအဖော်တွေနဲ့ ခရီးထွက်ကြတဲ့သူတွေလည်းပါတယ်။ ဒါကြောင့် ထူးထူးခြားခြားကို လက်မှတ်တွေ ရောင်းအားကောင်းနေတယ်လို့ ဆိုရပါမယ်။ ကျန်တဲ့ကားလိုင်းတွေ၊ ကားဂိတ်တွေမှာလည်း လက်မှတ်ထပ်ရောင်းစရာမကျန်တဲ့အထိ ဖြစ်သွားတယ်လို့ သိရတယ်။ ဒီတစ်ပတ် ခရီးသွားကြတာ တော်တော်လေးများပါတယ်။

**ဒေါ်ယုယုမွန်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

အခုကာလလေးက ရုံးပိတ်ရက်လေးရက်ဖြစ်လို့ ရန်ကုန်ကိုပြန်မှာဖြစ်ပါတယ်။ ရန်ကုန်မှာမိဘဆွေမျိုးတွေရှိပါတယ်။ ခုလိုရုံးပိတ်ရက်ရှည်လေးရလို့ မိဘဆွေမျိုးတွေဆီ အလည်အပတ်သွားရင်း၊ အပန်းဖြေသွားရင်း ပြန်ရတဲ့အတွက် ပျော်တယ်။ အခြားဝန်ကြီးဌာနက ဝန်ထမ်းအများစုလည်း သူတို့ဇာတိတွေဆီ ပြန်ကြတာတွေ့ရပါတယ်။ ရုံးပိတ်ရက်တာဝန်ကျတဲ့သူအချို့ကတော့ မပြန်နိုင်ကြဘူးပေါ့။ မနေ့က ညနေကတည်းက ပြန်မလို့ပါပဲ။ ဒါပေမယ့် ကားလက်မှတ်က ဘယ်လိုမှမရတော့တဲ့အတွက် ဒီနေ့မနက်မှ ပြန်ရတာပါ။ ဇာတိရပ်ရွာကို အကြောင်းအမျိုးမျိုးကြောင့်မပြန်ဖြစ်တဲ့ ဝန်ထမ်းတွေအနေနဲ့လည်း ဒီနေပြည်တော်မှာ တပေါင်းပွဲကျင်းပတာတွေ ရှိပါတယ်။ အားလပ်ချိန်လေးမှာ ပျော်ပျော်ပါးပါးအပန်းဖြေရင်း ပါဝင်ဆင်နွှဲလို့ရတာပေါ့။ တချို့ကလည်း ဒီတပေါင်းပွဲတော်မှာ ပါဝင်နိုင်ဖို့ မပြန်ကြတာတွေလည်း ရှိပါတယ်။ ပိတ်ရက်မှာ အဖေ အမေရယ်၊ ကျွန်မတို့ မိသားစုရယ် အားလပ်ရက်လေးရက်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ အပြည့်အဝအနားယူ အပန်းဖြေသွားမှာပါ။

**ဒေါ်နွဲ့ယဉ်ထွန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

အခုလို ရုံးပိတ်ရက်ဆက်တိုက် လေးရက်ရတဲ့အတွက် အမေနဲ့အဖေရှိတဲ့ ရန်ကုန်ကိုပြန်ပြီး အနားယူမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကားလက်မှတ်တွေကကျပ်တော့ ဒီနေ့မှ ပြန်ရတော့တာပေါ့။ နေပြည်တော် ပြန်လာရမယ့်အချိန်လည်းရှိသေးတော့ ရန်ကုန်မှာ နှစ်ရက်လောက်ပဲ ကောင်းကောင်းနေရမှာပါ။ ဘာပဲဖြစ်ဖြစ် ဒီလိုရုံးပိတ်ရက် လေးရက်ရလို့ ပျော်တယ်။ ရန်ကုန်ကနေ နေပြည်တော်ကို ရုံးဖွင့်ရက်အမီ ပြန်လာရမှာပါ။ ဒါပေမယ့် ခုလိုရုံးပိတ်ရက်ကာလဘယ်နှရက်ပဲရရ မိဘဆွေမျိုးတွေဆီ အလွမ်းပြေ ပြန်ရတဲ့အတွက် ပျော်ပါတယ်။ မိဘတွေကအသက်လည်းကြီးပြီဆိုတော့ နေပြည်တော်မှာလည်း လိုက်မနေနိုင်ဘူး။ ဒါကြောင့် မိဘတွေကို ပြုစုစောင့်ရှောက်ရင်း၊ အပန်းဖြေရင်း ပြန်ရတာပါ။ ခုလိုကာလလေးမှာ မိဘတွေဆီမှာ အေးအေးဆေးဆေး နေခွင့်ရတော့မှာမို့ အတိုင်းမသိပျော်ရပါတယ်။ နောက်လည်း ခုလိုပိတ်ရက်ရှည်ရရင် ကောင်းတာပေါ့။ ဒါက ကျွန်မဖြစ်ချင်တဲ့ဆန္ဒကို ပြောပြတာပါ။

**မလှယဉ်အေး**
**မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း**

ကျွန်မအနေနဲ့ ဒီရုံးပိတ်ရက် လေးရက်မှာ မိဘနေရပ် မပြန်ဖြစ်ပါဘူး။ ခုလိုရုံးပိတ်ရက်ရှည်ကာလမှာ သူငယ်ချင်းတွေနဲ့ နေပြည်တော်၊ ပျဉ်းမနားနဲ့ လယ်ဝေးမြို့တွေမှာရှိတဲ့ ဘုရားအစုံကို ဘုရားဖူးထွက်ပါမယ်။ ဒီနေ့ ရွှေလက်လှဘုရားနဲ့ ဥပ္ပါတသန္တိစေတီတော်ကြီးကိုဖူးမြော်ပြီးပါပြီ။ သူငယ်ချင်းတွေနဲ့ အပန်းဖြေအနားယူရင်း အစားအသောက်တွေ စားကြတယ်။ ဗဟုသုတတွေ လေ့လာမယ်။ ပျော်ဖို့ကောင်းပါတယ်။ နောက်ရက်တွေမှာလည်း သူငယ်ချင်းတွေနဲ့ အပန်းဖြေရင်း ဗဟုသုတတွေ ရှာမှီးဦးမှာပါ။ တနင်္ဂနွေနေ့ရောက်ရင်တော့ ရုံးပြန်တက်ဖို့ ကြိုတင်ပြင်ဆင်ရင်း အဆောင်မှာ အနားယူမယ်။ စာဖတ်မယ်။ သူငယ်ချင်းအချို့ မိဘရပ်ထံကို ပြန်တယ်။ အချို့ကတော့ သူငယ်ချင်းတွေနဲ့ ဘုရားဖူးထွက်ကြတယ်။ ခုလို အားလပ်ရက်ရှည်ကာလမှာ သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် အပန်းဖြေနားနေရင်း ပျော်ရွှင်နေကြတာတွေ့ရတော့ ပင်ပန်းသမျှတွေ ပျောက်သွားတဲ့အထိ သူတို့အပျော်တွေ ကျွန်မဆီ ကူးစက်လာတယ်လို့ ခံစားရတယ်။

**ကိုကျော်သက်နိုင်ထွန်း**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကျောင်းသား**

ကျောင်းပိတ်ရက်လေးရက်ရတော့ သူငယ်ချင်းတွေနဲ့ ကျောင်းကနေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဘုရားဖူးရင်း အလည်အပတ်လာတာဖြစ်ပါတယ်။ ကျွန်တော်တို့ သူငယ်ချင်း ၁၀ ယောက်ပါပါတယ်။ ကျောင်းမှာ သုတေသနလုပ်ငန်းတွေ လုပ်နေတဲ့အတွက်မအားတော့ မိဘတွေဆီ မပြန်ဖြစ်တော့ပါဘူး။ မိဘဆွေမျိုးတွေဆီမပြန်ဖြစ်တဲ့ သူငယ်ချင်းတွေကို အခုလို တပေါင်းလပြည့်နေ့ အခါကြီးရက်ကြီး ရုံးပိတ်ရက်လေးရက်ရတဲ့ကာလလေးမှာ မိသားစုနဲ့ပဲဖြစ်ဖြစ်၊ သူငယ်ချင်းတွေနဲ့ပဲဖြစ်ဖြစ် ဘုရားဖူးရင်း အပန်းဖြေအလည်အပတ်သွားကြဖို့ တိုက်တွန်းပါတယ်။

**မဝေရည်ဖူး**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကျောင်းသူ**

ဒီနေ့က တပေါင်းလပြည့်နေ့လည်းဖြစ်တယ်။ ကျောင်းပိတ်ရက်လည်းဖြစ်တော့ သူငယ်ချင်းတွေစုပြီး ဘုရားလာဖူးတာပါ။ ဘုရားဖူးပြီးရင် တခြားနေရာတွေကို အပန်းဖြေရင်း လည်ပတ်ကြမှာပါ။ ကျွန်မတို့ကကျောင်းမှာ Research တွေလုပ်နေရတယ်လေ။ ဒီတော့ တော်တော်များများအချိန်ကာလတွေမှာ ဘယ်ကိုမှ လျှောက်မလည်ဖြစ်ဘူး။ ခုတော့ ကျောင်းလေးရက်ဆက်တိုက်ပိတ်တဲ့အတွက် သူငယ်ချင်းတွေနဲ့ အပန်းဖြေရင်း လည်ပတ်ရတာပျော်တယ်။ ဗဟုသုတရမယ့်နေရာတွေကိုလည်း သွားရောက်လေ့လာပါဦးမယ်။ အခုလို အားလပ်ရက်ရှည်ရတဲ့ကာလလေးကို ဘဝအတွက် အကျိုးရှိရှိ အပြည့်အဝအသုံးချကြဖို့ ပြောချင်ပါတယ်။

**သတင်း-မင်းမျိုး၊ ဓာတ်ပုံ-ဇော်သူ**


ရုံးပိတ်ရက်ရှည်ကာလ အပန်းဖြေခရီးသွားလာကြသူများအား တွေ့ရစဉ်။

# ( ၆၉)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ တောင်ကြီးမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပ




**တောင်ကြီး မတ် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ မီးပုံးပျံကွင်းတွင် မတ် ၁ ရက် ညနေ ၆ နာရီက (၆၉)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို တပေါင်းလပြည့်နေ့တွင် ကန်ကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းမင်းထွန်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဉက္ကဋ္ဌ ဦးခွန်စံလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဉက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) နာယက ဦးအောင်ခမ်းထီ၏ သဝဏ်လွှာကို အတွင်းရေးမှူး(၃) ဦးခွန်တင်ထွဋ်က ဖတ်ကြားပြီးနောက် ပအိုဝ်းအမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဉက္ကဋ္ဌ ဦးခွန်ဝင်းကိုက ကျေးဇူးတင်စကားပြန်လည် ပြောကြားကာ ဟိုပုံး ပအိုဝ်းအနုပညာအဖွဲ့မှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်သော တေးသီချင်းဖြင့် ဖျော်ဖြေပြီး ရှမ်းတိုင်းရင်းသား၊ ဓနုတိုင်းရင်းသား၊ အင်းတိုင်းရင်းသား၊ တောင်ရိုး၊ ကိုးကန့်၊ လီဆူ၊ ကချင် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာအက၊ ခေတ်သစ်အကနှင့် တေးသီချင်းတို့ဖြင့် ဖျော်ဖြေကြသည်။

ယနေ့သည် တပေါင်းလပြည့်နေ့ဖြစ်သောကြောင့် တောင်ကြီးမြို့ မင်းကွန်းကျောင်းတိုက်မှ တောင်ကျောင်းကြီး ကျောင်းတိုက်သို့ နံနက် ၇ နာရီမှစတင်၍ ပဒေသာပင်လှည့်လည်ကာ မွန်းတည့် ၁၂ နာရီတွင် စာအောင်သံဃာအပါး ၁၃၃ ပါးအား ပအိုဝ်းအမျိုးသားနေ့ ကျင်းပရေးကော်မတီက လှူဖွယ်ဝတ္ထုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ - သန်းစိုး**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့် ဆောင်ရွက်

**ဖြူး မတ် ၁**

ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာပြီဖြစ်၍ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်ရေကန်များအတွင်းသို့ ရေများ လိုက်လံဖြည့်ဆည်းခြင်းနှင့် အပတ်စဉ် စနေနေ့တိုင်း ရပ်ကွက်များအတွင်းသို့ သတိပေးနှိုးဆော်ခြင်းနှင့် မကြာခဏ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ လေ့ကျင့်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

**ချိန်ခါမရွေး သတိပေး**
**မီးဘေး ကင်းဝေးမှာ**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လစ်သီယံဘက်ထရီများ တင်ဆောင်လာသော လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်

**နေပြည်တော် မတ် ၁**

တရုတ်နိုင်ငံ ဟောင်ကောင်လေဆိပ်မှ UAE နိုင်ငံ ဒူဘိုင်းလေဆိပ်သို့ ပျံသန်းလာသော အမေရိကန်နိုင်ငံ အခြေစိုက် UPS-United Parcel Service Co.,Ltd ပိုင် လေယာဉ်တစ်စင်း ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နိုင်ငံသား လေယာဉ်မှူး Capt. Dykeandrew Lincoln Jack-sony ပါ လေယာဉ်အမှုထမ်း သုံးဦးလိုက်ပါသည့် MC Donnell Douglas MD-11F(Cargo) လေယာဉ်သည် လစ်သီယံဘက်ထရီ ၁၇၅ ဒသမ ၇ တန် တင်ဆောင်၍ ပျံသန်းလာစဉ် ကုန်ပစ္စည်းများပါရှိသည့် ကွန်တိန်နာပုံးမှ မီးလုန့်သတိပေး မြည်လာသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်ဆင်းသက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လေဆိပ် မီးသတ်တာဝန်ခံ ဦးအောင်မြင့်တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ လေယာဉ်မှူးနှင့် တွေ့ဆုံမေးမြန်းရာ မီးလောင်မှုမရှိဘဲ လစ်သီယံဘက်ထရီအနံ့သာ ရရှိခဲ့ကြောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး အရေးပေါ်လိုအပ်သော အကူအညီများ




ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း၊ လေယာဉ်မှူးများက ၎င်းတို့ကုမ္ပဏီသို့ ဆက်သွယ်ထားကြောင်း၊ အဆိုပါလေယာဉ်မှာ ရန်ကုန်လေဆိပ်တွင် ညအိပ်ရပ်နား၍ လေယာဉ်စစ်ဆေးမည့် အင်ဂျင်နီယာအဖွဲ့ ရောက်ရှိစစ်ဆေးပြီးပါက မူလခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

## ကျိုင်းတုံ-မိုင်းဖြတ်လမ်း၌ ခရီးသည်တင် ယာဉ်တစ်စီး သေနတ်ဖြင့် ပစ်ခတ်ခံရ

**မိုင်းဖြတ် မတ် ၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ကျိုင်းတုံ-တာချီလိတ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၆၉၇ အနီး ခရီးသည်တင်ယာဉ်လိုင်းမှ မော်တော်ယာဉ်တစ်စီးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ အမျိုးသားနှစ်ဦးအား မတ် ၁ ရက်တွင် အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၂ နာရီက လွိုင်နန်းခံယာဉ်လိုင်းမှ ယာဉ်မောင်း ဦးစိုင်းအောင်ထွန်း (၃၇ နှစ်) မိုင်းရှူးမြို့နေသူ မောင်းနှင်လာသော Hiace မော်တော်ယာဉ်ဖြင့် ခရီးသည် ခြောက်ဦး တင်ဆောင်၍ ထွက်ခွာခဲ့ရာ ကျိုင်းတုံ-မိုင်းဖြတ်ကြား မိုင်တိုင်အမှတ် ၆၉၇ အနီး ၌ နံပါတ်တပ်ဆင်ထားခြင်းမရှိသည့် ဆိုင်ကယ်နှစ်စီးနှင့် လူနှစ်ဦးတို့က မီးထိုး၍ ကားကို တားဆီးခဲ့ကြောင်း၊ ကားကို မောင်းနှင်ထွက်ပြေးခဲ့ရာ နောက်မှ သေနတ်ဖြင့် လိုက်လံပစ်ခတ်သဖြင့် ကား၏ နောက်ယာဘက်တာယာတွင် တစ်ချက်နှင့် ကားနောက်ဘော်ဒီတွင် လေးချက် စုစုပေါင်း ငါးချက်ထိမှန်ခဲ့ပြီး ယာဉ်ပေါ်ပါသူများတွင် ဒဏ်ရာရရှိခြင်း မရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၅ နာရီတွင် တာချီလိတ်မြို့သို့ ရောက်ရှိခဲ့ပြီး ခရီးသည် ခြောက်ဦးအား ဝမ်ကောင်း ရပ်ကွက် ဝမ်ကောင်းဈေးအနီးသို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း စိုင်းအောင်ထွန်းက သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ နှစ်ဦးအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်တန်းရာ တာချီလိတ်မြို့မ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## မိုင်းယောင်း၌ ကျပ်သိန်းပေါင်း ၁၇၀ တန်ဖိုးရှိ လိုင်စင်မဲ့ဘီယာများ ဖမ်းမိ

**မိုင်းယောင်း မတ် ၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့ ရပ်ကွက် ၉ မြို့ဝင်ဘီးခွန်ကောက်ခံရေးစခန်းတွင် မိုင်းယောင်းမြို့မရဲစခန်းမှ ရဲအုပ် ဇေယျာလင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် နံနက်ပိုင်းက သတင်းအရရှာဖွေမှုများ ဆောင်ရွက်သည်။

ယင်းသို့ ရှာဖွေဆောင်ရွက်နေစဉ် မိုင်းယုမှ မိုင်းယောင်းဘက်သို့ ယာဉ်မောင်း ထွန်းဝင်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်ပေါ်မှ လိုင်စင်မဲ့ LEO တံဆိပ်ပါ ဘီယာဘူးတစ်ပါကင်လျှင် ၂၄ လုံးပါ ပါကင် ၃၇၀၊ ဘီယာဘူးပေါင်း ၈၈၈၀ တို့အား လည်းကောင်း၊ ယာဉ်မောင်း သိုက်ထွန်း မောင်းနှင်သော ၁၂ ဘီး ယာဉ်ပေါ်မှ လိုင်စင်မဲ့ LEO တံဆိပ်ပါ ဘီယာဘူးတစ်ပါကင်လျှင် ၂၄ လုံးပါ ပါကင် ၃၉၀၊ ဘီယာဘူးပေါင်း ၉၃၆၀ တို့အား လည်းကောင်း၊ စုစုပေါင်း ဘီယာပါကင် ၁၁၃၄ ပါကင်၊ စုစုပေါင်း ဘီယာ ၂၇၂၁၆ ဘူး၊ စုစုပေါင်း တန်ဖိုးကျပ်သိန်းပေါင်း ၁၇၀ တို့အား တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ဆက်လက်စစ်ဆေးရာ ပိုင်ရှင်မှာ ဦးသီဟဇင်၊ ရပ်ကွက် ၄ ကျိုင်းတုံမြို့နေသူဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အမှုမှ ဦးသီဟဇင် (၃၉ နှစ်) ရပ်ကွက် ၄ ကျိုင်းတုံမြို့နေသူအား မိုင်းယောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ရေကန်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှု ဖြစ်ပွား

**မိတ္ထီလာ မတ် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သံဘိုကျေးရွာ၌ မတ် ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရေကန်အတွင်း ရေဆင်းချိုးရာမှ လူတစ်ဦး ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရှမ်းမငယ်နယ်မြေ ရဲစခန်း၌ စခန်းမှူးရဲအုပ် ခင်မောင်စိုး တာဝန်ထမ်းဆောင်နေစဉ် သံဘိုကျေးရွာတွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရေနစ်သေဆုံးသူမှာ မိတ္ထီလာမြို့နယ် သံဘိုအုပ်စု ဝါးသုံးတောကျေးရွာနေ ဇော်ဝင်းမောင်(၁၈ နှစ်)ဖြစ်ပြီး ၎င်းသည် မန်ကျည်းသီးခူးနေရာမှ သံဘိုကျေးရွာ အရှေ့ဘက်ရှိ ရေကန်အတွင်းသို့ ပူအိုက်၍ တစ်ဦးတည်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးသွားပြီး ၎င်းတွင် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိကြောင်း၊ ရှမ်းမငယ်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## မူဆယ်သွားမည့် ခရီးသည်တင်ယာဉ်ပေါ်မှ အမဲသားခြောက်များဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၇ စီး၊ သွင်းကုန် ၉၃၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၃၁၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၄၃၀ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၇၄၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**တင်ပြနိုင်ခြင်းမရှိ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၈ ရက်က မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် ပိဿာ ၂၀၀၀၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပေါင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**သထုံ မတ် ၁**

မွန်ပြည်နယ် ပေါင်မြို့နယ် လက်ပံတောကျေးရွာတွင် ဖေဖော်ဝါရီ ၂၆ ရက်က မုတ္တမရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်သန်းဝင်းနှင့် တပ်ဖွဲ့ဝင်များသည် လက်ပံတောကျေးရွာ ရွာလယ်လမ်းဇရပ်အနီး သတင်းအရ စောင့်ဆိုင်းနေစဉ် မော့ဘီကျေးရွာမှ လက်ပံတောကျေးရွာဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်ကို တားဆီးစစ်ဆေးရာ ကိုင်ဇာထွန်း (၁၉ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မုတ္တမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

**၁၃၈**

## မြန်မာ့ရုပ်မြင်သံကြား

၂-၃-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - မျက်မှောက်ရေးရာ အဖြာဖြာ
- ၉း၀၅ - **၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ**(စိတ်ကြိုက်မြန်မာဘာသာရပ် )
- ၁၁း၅၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ခါးဖိုးကင်း" ကျော်ရဲအောင်၊ ခန့်စည်သူ၊ ကျော်ကျော်ဗိုလ်၊ ခင်ဇာခြည်ကျော်၊ အိချောပို (ဒါရိုက်တာ-ကိုဇော် -အရုဏ်ဦး)
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ပန်းနှစ်ပွင့်စီးချင်း**(အပိုင်း-၂၆)
- ၁၃း၀၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I) (မော်လမြိုင်မြို့) (တတိယပိုင်း)
- ၁၃း၅၀ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)

**ညပိုင်း**

- ၁၆း၃၅ - "စိမ်းလန်းခြင်းနှင့် ငြိမ်းချမ်းခြင်း "
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း (ဒူးနာရောဂါအကြောင်း သိကောင်းစရာ)
- ၁၇း၅၀ - **တောင်သူလယ်သမားနေ့ ဂုဏ်ပြုအစီအစဉ် "ခေတ်မီမော်ဒန်လယ်သမား"**
- ၁၈း၂၀ - ရုပ်ရှင်ရိုက်မယ် (အပိုင်း-၆) (ဝိညာဉ်၊ တုန်ရီနေသော လက်ကလေးများ)
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ပန်းနှစ်ပွင့်စီးချင်း**(အပိုင်း-၂၇) စိုးရန်အောင်၊ ဖွဲ့ပြည့်၊ ထက်ကိုကိုလင်း၊ မာကို၊ ပိုင်ဖြိုးသု၊ မေဘရဏီသော် ဒါရိုက်တာ- မင်းခိုက်စိုးစန်
- ၂၀း၀၀ - ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ
- America's Got Talent (22)
- နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြေးရာဇဝင်**(အပိုင်း-၁၄)
- **ဟာသရုပ်စုံစင်တော်ကြီး** (အပိုင်း-၉)

# AFC ၏ အကူအညီဖြင့် ဘောလုံးကွင်းငယ်များ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တည်ဆောက်

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အာရှဘောလုံးအဖွဲ့ချုပ် (AFC) အကူအညီဖြင့် သုဝဏ္ဏကွင်းအတွင်း၌ လေ့ကျင့်ရေး ဘောလုံးကွင်းငယ်များ တည်ဆောက်ခဲ့ရာ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် အဖွဲ့ဝင် နိုင်ငံအချို့အား လေ့ကျင့်ရေး ဘောလုံးကွင်းငယ်များ တည်ဆောက်ရန် ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံမှာလည်း ယင်းအစီအစဉ်ကို ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် AFC ၏ အကူအညီဖြင့် လေ့ကျင့်ရေးဘောလုံးကွင်းငယ် နှစ်ကွင်း တည်ဆောက်ခဲ့ရာ ပြီးစီးခဲ့ပြီဖြစ်ပြီး မကြာမီ ဖွင့်လှစ်မည်ဖြစ်သည်။ ကွင်းတစ်ကွင်း၏ ကုန်ကျငွေမှာ မြန်မာငွေကျပ် သိန်း ၂၀၀၀ ဝန်းကျင်ရှိပြီး ညဘက် ကစားနိုင်ရန် မီးမောင်းများလည်း တပ်ဆင်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် က တည်ဆောက်သည့် ယင်းဘောလုံးကွင်းငယ်များတွင် လူငယ်ဘောလုံးသင်တန်းများ၊ Grassroot လူငယ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် မာရသွန်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

**နေပြည်တော် မတ် ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် ဖေဖော်ဝါရီ ၂၈ ရက်က ရုံးအမှတ်- ၃၁ အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် IAAF Silver race- 2018 New Taipei City Wan Jin Shi မာရသွန်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

### ဝင်ရောက်ယှဉ်ပြိုင်မည်

ထို့နောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက ယခု သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲသည် ထိုင်းနိုင်ငံတွင် မတ်လ ၂ ရက်မှ ၉ ရက်အထိ ကျင်းပမည့် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲသို့ event နှစ်မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အာရှပြိုင်ပွဲဝင်နိုင်ငံ ၃၀ ကျော်နှင့် ကစားသမား ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အတွေ့အကြုံကောင်းများရရှိရန်နှင့် ပြိုင်ဘက်နိုင်ငံများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်လေ့လာပြီး အောင်မြင်မှုများရရန်အတွက် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ကြိုးစားယှဉ်ပြိုင်

ဆက်လက်ပြီး မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းက ယခု သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (တိုင်ပေ)၌ မတ် ၁၈ ရက်တွင် ကျင်းပမည့် IAAF Silver race-2018 New Taipei City Wan Jin Shi မာရသွန်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အောင်မြင်မှုများရရှိရန် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ယူ-၂၁ အမျိုးသားအသင်းနည်းပြချုပ်များအား စာချုပ်



မြန်မာ ယူ-၂၁ အသင်းနည်းပြချုပ်အဖြစ် စာချုပ်ချုပ်ဆိုသည့် ဦးကြည်လွင်။

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် မြန်မာ ယူ-၂၁ အမျိုးသားအသင်း နည်းပြချုပ်များအား ဖေဖော်ဝါရီ ၂၈ ရက်က အပြီးသတ် စာချုပ်ချုပ်ဆိုခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီး အသင်းနည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ မြန်မာ ယူ-၂၁ အသင်းနည်းပြချုပ်အဖြစ် ဦးကြည်လွင်တို့အား တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းနည်းပြနှစ်ဦးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာအထိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းမှာ ၂၂ လ ကြာမြင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မတ် ၅ ရက်မှစ၍ ပဏာမကစားသမား ၃၂ ဦးဖြင့် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဦးဝင်းသူမိုးကို ၂၀၁၉ ခုနှစ် အကြိမ် ၃၀ မြောက် ဆီးဂိမ်းပြိုင်ပွဲအထိ ရည်ရွယ် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း သက်တမ်းတစ်လျှောက် စတုတ္ထမြောက် ပြည်တွင်းနည်းပြအဖြစ် ခန့်အပ်ခံရခြင်းဖြစ်သည်။ ဦးဝင်းသူမိုး မတိုင်မီက ဦးအေးမောင်လေး၊ ဦးအေးကြူကြီးနှင့် ဒေါ်သက်သက်ဝင်းတို့ ကိုင်တွယ်ခဲ့ဖူးကြောင်း သိရသည်။

မြန်မာ ယူ-၂၁ အမျိုးသားအသင်းမှာလည်း အကြိမ် ၃၀ မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် တတိယရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြချုပ် ဦးကြည်လွင်အား ၂၀၁၉ ဆီးဂိမ်းအထိ တာဝန်ပေးခဲ့ခြင်းဖြစ်သည်။ ဦးကြည်လွင်သည် ၂၀၁၅ ခုနှစ် ၂၈ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း မြန်မာ ယူ-၂၃ အသင်းကို ငွေတံဆိပ်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး တစ်ကျော့ပြန် တာဝန်ပေးအပ်ခံရခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ဧပြီတွင် ယှဉ်ပြိုင်ရမည့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-စိုးညွန့်**

### ❖ *ကျော့ဖုံးမှ*

ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မတ် ၂ ရက်တွင် ကစားမည့် GFA အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲကို AFC Cup ပြိုင်ပွဲ အဝေးကွင်းနှစ်ပွဲဆက် ကစားရမည့် ရှမ်းယူနိုက်တက်အသင်း၏ တောင်းဆိုမှုကြောင့် မေ ၂ ရက်သို့ ရွှေ့ဆိုင်းပေးထားသည်။ ထို့ကြောင့် ယခုတစ်ပတ်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၏ ပွဲမပါဝင်ဘဲ ထိပ်ဆုံးမှ ရန်ကုန်၊ ရတနာပုံနှင့် မကွေးအသင်းတို့၏ နိုင်ပွဲရရေးကြိုးပမ်းမှုများသာ တွေ့မြင်ရမည်ဖြစ်သည်။ ပွဲစဉ် (၇) အပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရတနာပုံ၊ မကွေးနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့က ၁၄ မှတ်စီ၊ ဟံသာဝတီအသင်းက ၁၂ မှတ် Southern နှင့် ရခိုင်အသင်း တို့က ရှစ်မှတ်စီ၊ ဇွဲကပင်အသင်းက ခုနစ်မှတ်၊ ဧရာဝတီအသင်းက ခြောက်မှတ်၊ စစ်ကိုင်းယူနိုက်တက်အသင်းက ငါးမှတ်၊ GFA အသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ ယင်းအသင်းများအနက် စစ်ကိုင်းနှင့် မြဝတီအသင်းမှာ ခြောက်ပွဲစီသာ ကစားရသေးသည်။

ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲ နှစ်ပတ်ဆက်ကစားရမည့်ကာလတွင် မကွေးအသင်းနှင့် ပွဲကျပ်ကစားရခြင်းဖြစ်ပြီး အနိုင်ရပါက ထိပ်ဆုံးတွင် အမှတ်ဖြတ်ဦးဆောင်နိုင်မည်ဖြစ်သည်။ မကွေးအသင်းသည် ပြည်တွင်းကစားသမားများဖြင့်သာ ဖွဲ့စည်းထားသော်လည်း ယခုရာသီတွင် ပုံစံကောင်းပြသနေပြီး ပြီးခဲ့သည့်ရာသီတွင် ရန်ကုန်အသင်းကို တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားသောကြောင့် နှစ်ရာသီဆက်တိုက် အိမ်ကွင်းပွဲရလဒ်ကောင်းရန် ကြိုးပမ်းဖွယ်ရှိနေသည်။ ရတနာပုံအသင်းမှာလည်း အဝေးကွင်းပွဲကစားရမည်ဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် Southern အသင်းကို ရှုံးထားသောကြောင့် ရှုံးကြွေးပြန်ဆပ်နိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**


ဆဋ္ဌမအကြိမ်ပြန်လည်ပုံနှိပ်ဖြန့်ချိပေးလိုက်ပါပြီ .....

**ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ**

**ဒေါက်တာဦးသန်းထွန်း(ရွှေဘို)**

စာအုပ်ဆိုင်များနှင့် City Mart၊ Ocean Super Market ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ။

ဖြန့်ချိရေး-မိုးကျော်သူစာပေ၊ ဖုန်း -၀၁-၃၈၄၂၁၉၊ ၀၉-၂၅၄၉၀၀၃၃၁

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မင်းသူ ၁၀/ကမရ(နိုင်) ၀၈၂၃၄၄၏ (Passport-No)မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

ဂျပန်နိုင်ငံ၏ ပညာရေးကို သိရှိလိုသော ပညာရေးသမားနှင့် ဆရာ၊ တပည့်၊ မိဘပြည်သူတွေ ဖတ်သင့်သည့်စာတစ်အုပ်

**ရဲမြလွင်**

**တော့တိုကျုံ**

တန်ဖိုး ၃၅၀၀/-

ဖောင်းဆောင်စာပေ - ၁၁၀၊ ရာဇဒိရာဇ်လမ်း၊ (၈) ရပ်ကွက်၊ အင်းမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်။ ဖုန်း- ၅၈၀၇၇၄

ကောင်းသန့်စာပေ - ၂၀၉၊ ၃၈ - လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၃၈၃၄၂၃

ဆရာ/မ၊ အရာရှိဖြစ်သူများ ရေးပြလျှင် သတင်းစာဆုံမည်မဟုတ်

ယုံကြည်စွာအပ်နှံပါ

ငွေကုန်လူပန်းမဖြစ်စေရ

၉၊ ၁၀ တန်း (ဘာသာစုံ)ကျွမ်းကျင်ဆရာဖြစ်

သင်တန်းကြီး

၈၊၉၊၁၀(ဘာသာစုံ) နွေ/ပုံမှန် နေ့၊ ညနေ / ပိုင်း

တွေ/ အုပ်(၃-ဦးစီး) Non-stop ၄.၃.၂၀၁၈ နှင့် ၁၆.၃.၂၀၁၈

English 4 skills

တိုက်(၃၅) ၃လွှာ၊ ပေ(၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊

ရန်ကုန်။ဖုန်း- ၀၉၄၄၃၀၀၈၇၁၉၊၀၉၂၆၃၇၀၄၀၀၅၊၀၉၂၅၀၆၅၁၀၉၈

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျိုးဝင်း ၁၁/ပတန(နိုင်)၀၅၅၆၃၇၏ (Passport-No)မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

**အမည်ပြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ သဲကုန်းရွာနေ ဦးညွန့်တင်၏ သား မောင်သူရအောင်၁၄/ကပန(နိုင်)၁၈၄၃၉၁အား မောင်သက်ဖြိုးဝေဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သက်ဖြိုးဝေ**

**မိဘအမည်မှန်**

သံတောင်ကြီးမြို့နယ်၊ အထကကျေးကတော့၊ အဋ္ဌမတန်းမှ မေဇင်ခိုင်၏ မိဘအမည်မှန်မှာ ဦးဝင်းဇော် ၉/ကဆန(နိုင်)၁၀၁၇၄၅နှင့် ဒေါ်စတယ်လာမြ ၂/ရတန(နိုင်)၀၀၁၀၁၄ ဖြစ်ပါကြောင်း။




**ဒေါက်တာဇော်ဇော်(သတ္တဗေဒ)**

**မိုးပြာပြာကောင်းကင်ထက်က**

**ဘီပ်မက်တီခ်လ္လာ**

နှင့်

မန္တလေးတက္ကသိုလ်နောက်ခံအချစ်ဝတ္ထုတိုများ

တန်ဖိုး ၂၅၀၀/-

ဦးမျိုးမိုး(Hein Mi Li) ဖုန်း - ၀၉ ၄၂၅၀၀၅၄၅၉

ကောင်းသန့်စာပေ - ၂၀၉၊ ၃၈ - လမ်း(ထက်)၊ ကျောက်တံတားမြို့ ရန်ကုန်၊ ဖုန်း - ၃၈၃၄၂၃

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6E\6405 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

ပြည်ခရိုင်၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ အကွက်အမှတ်(၄)၊ နဝင်းတိုးချဲ့ဦးပိုင်အမှတ်(၂၆၄)မှ မြေဧရိယာ (၀ဒသမ၀၅၅)ဧကကို မူလအမည်ပေါက်သူ ဦးဆန်နီအမည်မှ ဦးနေလင်းဇော်နှင့် ဒေါ်ကေခိုင်ဦးအမည်သို့ မြေဂရန်အမည်ပြောင်းလဲ လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးနေလင်းဇော် ၇/ပတန(နိုင်)၀၉၆၈၇၅**

**ဒေါ်ကေခိုင်ဦး ၇/ကပက(နိုင်)၀၆၁၇၉၅**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၇ယ/၄၂၇၅၀ Hibao 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသီဟကျော် ၉/ပကခ(နိုင်)၀၂၀၃၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

# အပစ်အခတ်ရပ်စဲမှု ဒုတိယနေ့တွင် ဆီးရီးယားအရှေ့ပိုင်းဂူတာမှ အရပ်သားများ ထွက်ခွာသွားခြင်း မရှိ

**ဒမတ်စကတ် မတ် ၁**

ရုရှားက ကမ်းလှမ်းခဲ့သည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်နားထားသည့် နှစ်ရက်မြောက်နေ့တွင် မြို့တော် ဒမတ်စကတ်အရှေ့ပိုင်းရှိ သူပုန်များ ထိန်းချုပ်ထားရာ အရှေ့ဂူတာမှ အရပ်သားတစ်ဦးမျှ ထွက်ခွာသွားခြင်း မရှိခဲ့ကြောင်း သိရသည်။

ဒမတ်စကတ်မြို့အရှေ့မြောက်ပိုင်း အစွန်အဖျားရှိ ဝါဖီဒင်ဇရိယာတွင် ဘတ်စ်ကားများနှင့် လူနာတင်ယာဉ်များသည် ငါးနာရီကြာမျှ စောင့်ဆိုင်းနေခဲ့ကြပြီး ယခုအချိန်ထိ အရပ်သားတစ်ဦးမျှ အရှေ့ဂူတာမှ ထွက်ခွာသွားခြင်းမရှိသည့်အပြင် ဘေးချင်းကပ်ဇရိယာရှိ ဖြတ်သန်းရာလမ်းကြောင်းဆီသို့ ရောက်ရှိလာခြင်းမရှိသေးပေ။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရပ်နားမှုကိုဒမတ်စကတ်အရှေ့ပိုင်းရှိ သူပုန်များထိန်းချုပ်ထားသည့်ဇရိယာမှ အရပ်သားများအား ရွှေ့ပြောင်းခွင့်ပြုရန်အတွက် အရှေ့ဂူတာတွင်ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကို ငါးရက်ကြာရပ်စဲမှုပေးရန် ရေးဆွဲတောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ပထမနေ့ကကဲ့သို့ပင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ် နားမှုသည် ဗုဒ္ဓဟူးနေ့ညနေခင်းတွင် ပြီးဆုံးခဲ့ပြီး သူပုန်များနှင့် ဆီးရီးယားအစိုးရတပ်ဖွဲ့များ နှစ်ဖက်စလုံးတို့က အပစ်အခတ်ရပ်စဲရေး တုံ့ဆိုင်းနေရခြင်းနှင့် ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက်စွပ်စွဲခဲ့ကြသည်။

နိုင်ငံပိုင်ဆာနားသတင်းအေဂျင်စီက အရှေ့ဂူတာရှိသူပုန်များသည် အစိုးရထိန်းချုပ်ထားသည့်ဇရိယာများသို့ အရပ်သားများ ရောက်ရှိမသွားစေရေးအတွက် ဝါဖာဒင်ရှိဖြတ်ကျော်လမ်းကြောင်း၌ ပစ်ခတ်မှုများလုပ်ဆောင်ခဲ့ကြောင်းနှင့် သူပုန်များသည် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**




# အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အဲယားဖို့စ်ဝမ်း အစီအစဉ်အတွက် လေယာဉ်ဝယ်ယူမည်

**ဝါရှင်တန် မတ် ၁**

အမေရိကန်အစိုးရသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရှိ လေယာဉ်သစ်နှစ်စင်းကို အဲယားဖို့စ်ဝမ်းအစီအစဉ်အတွက် ဝယ်ယူရန် ချီကာဂိုအခြေစိုက် ဘိုးရင်းကုမ္ပဏီနှင့် သဘောတူညီချက်ရရှိခဲ့ကြောင်း အိမ်ဖြူတော်မှ မကြာသေးမီကပြောခဲ့သည်။




ဘိုးရင်းကုမ္ပဏီက ၎င်း၏တွစ်တာ လူမှုကွန်ရက်ပေါ်တွင် အခွန်ထမ်းများ၏ ထူးကဲသာလွန်သော တန်ဖိုးနှင့်အတူ အမေရိကန်သမ္မတများအတွက် အဲယားဖို့စ်ဝမ်းနောက်ထပ် မျိုးဆက်သစ်တစ်ခုကို တည်ဆောက်ခွင့်ရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ရေးသားထားသည်။

သဘောတူညီချက်တွင် သမ္မတဒေါ်နယ်ထရန့်၏ ပုဂ္ဂိုလ်ရေးဆောင်ရွက်မှုပါဝင်ပြီး ရွေးကောက်ပွဲကတည်းက အစပြုကာ ဘိုးရင်းနှင့်အမေရိကန် လေတပ်ကြား ကာလရှည်ကြာ ဆွေးနွေးမှုပြုခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လေယာဉ်များအတွက် ဘိုးရင်းကုမ္ပဏီက အမေရိကန်ဒေါ်လာ လေးဘီလီယံကုန်ကျမည်ဟု တောင်းဆိုခဲ့ခြင်းအပေါ် ယင်းသဘောတူညီချက်အား ပယ်ဖျက်မည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ၂၀၁၆ ခုနှစ်က ခြိမ်းခြောက်ပြောဆိုခဲ့သလို အဆိုပါဈေးနှုန်းမှာလည်း အထိန်းအချုပ်မဲ့လွန်းနေကြောင်း ၎င်းက ပြောခဲ့သည်။

အဆိုပါ ကိစ္စအပေါ် ဘိုးရင်းက ဈေးနှုန်းကုန်ကျစရိတ်ကို ထိန်းချုပ်ပေးမည်ဟု ယင်းအချိန်က ကတိပြုခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ၏ လေယာဉ်ဟု လူသိများသည့် အဲယားဖို့စ်ဝမ်း လေယာဉ်သည် အမေရိကန်နိုင်ငံသမ္မတ၏ အထူးဝိသေသလက္ခဏာတစ်ခု ဖြစ်သည်။ အရပ်ဘက်အသုံးပြုသော ဘိုးရင်းလေယာဉ်များမှာ တစ်စင်းလျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၃၉၀ ရှိသည်။

သို့သော် အမေရိကန်သမ္မတအတွက် ထုတ်လုပ်သောလေယာဉ်သည် လုံခြုံရေးနှင့် ကာကွယ်ရေးကိရိယာများ တပ်ဆင်ရသည့်အတွက် ကုန်ကျစရိတ်ကြီးမြင့်ရခြင်းဖြစ်သည်။

လေယာဉ်ပေးပို့မည့် ရက်စွဲမှာ ယင်းလေယာဉ်သစ်ကို အမေရိကန်လေတပ်က မည်မျှကြာကြာစမ်းသပ်မည်ဆိုသည့် အချက်အပေါ် မူတည်ကြောင်း ဘိုးရင်းက ပြောကြားခဲ့သည်။ လေယာဉ်ကနဦးပျံသန်းမှုကို ၂၀၂၄ ခုနှစ်တွင် စတင်ရန် အသင့်ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အီဂျစ်နိုင်ငံ၌ ရထားတိုက်မိမှုကြောင့် သေဆုံးသူအရေအတွက် ၁၅ ဦးအထိ မြင့်တက်လာ

**ကိုင်ရို မတ် ၁**

အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုမြောက်ပိုင်း ဘီဟီရာပြည်နယ်၌ ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် ရထားတိုက်မိမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၅ ဦးအထိ မြင့်တက်လာခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင် မီနာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

သေဆုံးသူအရေအတွက် ၁၅ဦး အထိမြင့်တက်လာသလို ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်မှာ ၄၀ အထိ ရှိခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အက်ဇ်၏ ပြောဆိုမှုကို မီနာသတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

သယ်ယူပို့ဆောင်ရေး ဝန်ကြီး ဟက်စ်ရှမ်အာရာဖတ်သည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန်ရောက်ရှိလာခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ဖော်ပြသည်။

ခရီးသည်တင်ရထားမှ ရထားတွဲနှစ်တွဲသည် လမ်းချော်ကာ ကုန်တင်ရထားတစ်စင်းနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ခါလက်မီဂါဟက်က လူနာတင်ယာဉ်အစီး ၃၀ ထက်မနည်း ရထားတိုက်မိမှုဖြစ်ပွားရာသို့ အလျင်အမြန်ရောက်ရှိလာခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို အနီးအနားရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တင့်ကားကာကွယ်ရေး ဒုံးကျည်အား အီရန်အောင်မြင်စွာ တီထွင်ထုတ်လုပ်

**တီဟီရန် မတ် ၁**

အီရန်နိုင်ငံအစိုးရတပ်ဖွဲ့သည် တင့်ကားကာကွယ်ရေး ဒုံးကျည်အသစ်ကို အောင်မြင်စွာတီထွင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း အီရန်နိုင်ငံပိုင်ရုပ်သံဌာနက ယမန်နေ့က ဖော်ပြခဲ့သည်။

အဆိုပါ တင့်ကားကာကွယ်ရေးဒုံးကျည်ကို “မိုးကြိုးလက်နက်”ဟု အမည်ပေးခဲ့သည်။ မိုးကြိုးလက်နက်ဟု အမည်ပေးထားသော အဆိုပါတင့်ကား ကာကွယ်ရေး ဒုံးကျည်အသစ်သည် အပူစွမ်းအင်ကို ရှာဖွေတိုက်ခိုက်နိုင်သည့် နည်းစနစ်ပါဝင်ပြီး ရဟတ်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်သော ဒုံးကျည် အမျိုးအစားတစ်ခုဖြစ်ကြောင်း သိရသည်။

တင့်ကားကာကွယ်ရေး ဒုံးကျည်သည် အရှည်သုံးမီတာ ရှည်လျားပြီး အချင်း ၁၂၇ မီလီမီတာနှင့် အလေးချိန် ၇၀ ကီလိုဂရမ်ရှိကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်သည် ၁၀ ကီလိုမီတာအကွာအဝေးရှိ မည်သည့်ပစ်မှတ်ကို မဆိုတိကျစွာ တိုက်ခိုက်နိုင်သော ဒုံးကျည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### သံသယရှိဖွယ်စာအိတ်မှ အဆိပ်သင့်မှုဖြစ်၍ လူ ၁၁ ဦး အရေးပေါ်ဆေးရုံတင်လိုက်ရ

**ဝါရှင်တန် မတ် ၁**

အမျိုးအမည်မသိ ပစ္စည်းများပါဝင်သော သံသယရှိဖွယ် စာအိတ်တစ်အိတ်ကို အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်ရှိ စစ်အခြေစိုက်စခန်းတစ်ခု၌ ယမန်နေ့က ဖွင့်ဖောက်ခဲ့ရာ လူ ၁၁ ဦး နာမကျန်းဖြစ်ခဲ့ကြောင်း ဒေသခံ အာဏာပိုင်များက မကြာသေးမီတွင် ပြောခဲ့သည်။

ကြောက်မက်ဖွယ် အဆိပ်သင့်မှုသည် ယခင်က ဖော့ဒ်မိုင်ရာ အခြေစိုက်စခန်းဟု လူသိများသော မိုင်ယာဟန်ဒါဆန်ဟောရှိ အုပ်ချုပ်ရေးမှူး အဆောက်အအုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အာလင်တန်နယ်မြေ မီးသတ်ဌာနက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

အဆိုပါ အဆိပ်သင့်မှုဖြစ်ပွားခဲ့သောကြောင့် လူသုံးဦးအား ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အခြေအနေအားလုံးမှာ တည်ငြိမ်လာပြီဖြစ်ကြောင်း မီးသတ်ဌာနက ၎င်း၏ တွစ်တာစာမျက်နှာတွင် ထပ်မံဖော်ပြခဲ့သည်။

**ဆင်ဟွာ**

### ဆီးရီးယား၌ အပစ်အခတ်ရပ်စဲရေး တောင်းဆိုထားသော်လည်း တိုက်ခိုက်မှုများကြောင့် ခြောက်ဦးသေဆုံး

**အလက်ပို မတ် ၁**

ဆီးရီးယား၌ ရုရှားက ငါးနာရီကြာ အပစ်အခတ်ရပ်စဲရေး တောင်းဆိုခဲ့သော်လည်း လေကြောင်းတိုက်ခိုက်မှုများနှင့် အစိုးရတပ်ဖွဲ့ဝင်များ၏ လေကြောင်း တိုက်ခိုက်မှုများနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ဒေသခံပြည်သူခြောက်ဦး သေဆုံးမှုရှိခဲ့ကြောင်း လူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ပြောကြားခဲ့သည်။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ဒမတ်စကတ်မြို့အစွန်အဖျားရှိ သူပုန်များထိန်းချုပ်ထားရာ အရှေ့ဂူတာ၌ အင်္ဂါနေ့က တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့သည်။ တိုက်ခိုက်မှုများအတွင်း လူ ၂၆ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သမ္မတ ဘတ်ရှာအယ်လ်အာဆတ် အစိုးရအဖွဲ့ တပ်ဖွဲ့ဝင်များသည် အဆိုပါဧရိယာ၌ ငါးနာရီကြာပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရန် တောင်းဆိုခံခဲ့ရသည်။ ဆီးရီးယား၌ ရက်ပေါင်း ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အတည်ပြုလိုက်ပြီးနောက် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဆော်ဒီတပ်ဖွဲ့အတွင်းနဲ့ အစိုးရပိုင်းမှာ အပြောင်းအလဲတွေရှိလာ

**ခြူးစန္ဒီနွေး**



ဆော်ဒီနိုင်ငံမှာ အိမ်ရှေ့မင်းသား ဦးဆောင်တဲ့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ဟာ ဆော်ဒီတော်ဝင်မင်းသားတွေ အပါအဝင် ဝန်ကြီးတွေကို ဖမ်းဆီးခဲ့ပါတယ်။ အဲဒီသတင်းဟာလည်း ကမ္ဘာ့မီဒီယာတွေမှာ အတော်လေးရေပန်းစားခဲ့ပါတယ်။ ဖမ်းဆီးထိန်းသိမ်းတဲ့ နေရာဟာလည်း ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဟိုတယ်ဖြစ်နေတော့ အများက အံ့သြခဲ့ရပါတယ်။ ဆော်ဒီအိမ်ရှေ့မင်းသားဟာ လူငယ်ပီပီ ပြုပြင်ပြောင်းလဲလိုစိတ်များဟန်ရှိပါတယ်။ ဆော်ဒီဘုရင် ဆယ်လ်မင်နဲ့ရဲ့ အုပ်ချုပ်ရေးအပိုင်းနဲ့ စစ်ရေးခေါင်းဆောင်မှုအပိုင်းတို့မှာ လှုပ်ရှားပြောင်းလဲမှုတွေ ရှိလာပါတယ်။

### လူသစ်တွေနဲ့ အစားထိုးလာ

ပြည်ပနဲ့ စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွေ၊ ပြည်တွင်းမှာ စီးပွားရေးပြောင်းလဲမှုတွေနဲ့ လူမှုရေးဆိုင်ရာပြောင်းလဲမှုတွေ ပြုလုပ်နေတဲ့တစ်ချိန်တည်းမှာပဲ လူငယ်အရာရှိတွေရဲ့ စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးလျက်ရှိပါတယ်။ တနင်္လာနေ့နှောင်းပိုင်းမှာပဲ ဆော်ဒီဘုရင်ဟာ အစိုးရအဖွဲ့အတွင်းက အရာရှိတော်တော်များများရဲ့နေရာမှာ ခေါင်းဆောင်ပိုင်းအပြောင်း အလဲလုပ်လာပါတယ်။ ဆော်ဒီတပ်ဖွဲ့နဲ့ လုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာမူဝါဒတွေ ချမှတ်ဖို့ရာ လူသစ်တွေနဲ့ အစားထိုးလာပါတယ်။

### ဖြစ်တောင့်ဖြစ်ခဲဖြစ်စဉ်တစ်ခု

ဒုတိယအုပ်ချုပ်ရေးမှူး ရာထူးအတွက် လူငယ်မင်းသားတွေကို ခန့်အပ်လိုက်ပြီး အမျိုးသမီးတစ်ဦးကိုလည်း အလုပ်သမားဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပါတယ်။ ဆော်ဒီနိုင်ငံလို ရှေးရိုးစွဲဝါဒ အလွန်ပြင်းထန်တဲ့ တိုင်းပြည်မျိုးမှာ အမျိုးသမီးတွေကို နေရာမပေးပါဘူး။ အခုလို အမျိုးသမီးတစ်ဦးကို ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်လိုက်တာဟာ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်စဉ်တစ်ခုဆိုလည်း မမှားပါဘူး။ ဒီလိုမျိုး ဆော်ဒီနိုင်ငံတွင်းမှာ ပြောင်းလဲမှုဖြစ်စဉ်တွေ ဖြစ်လာရတာဟာ အသက် ၃၂ အရွယ် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မင်နဲ့ရဲ့ တွန်းအားတွေကြောင့်လို့လည်း အများက ယုံကြည်ကြပါတယ်။

### ယီမင်စစ်ပွဲမှာ ပိတ်မိနေ

လက်ရှိဆော်ဒီမှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေကတော့ ယီမင်စစ်ပွဲမှာ ပိတ်မိနေတာပဲ ဖြစ်တယ်။ ရှေ့ဆက်တိုးလို့လည်းမရ နောက်ပြန်ဆုတ်လို့လည်းမရ ဖြစ်နေတယ်။ ယီမင်နိုင်ငံအတွင်းကနေ ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်တွေကို ကြားကနေ ခဏခဏဆိုသလို ပစ်ချနေရတယ်။ နောက်တစ်ခုကတော့ အိမ်နီးချင်း ကာတာနိုင်ငံအပေါ် ပိတ်ဆို့မှုတွေ ပြုလုပ်ပြီး အဆက်အသွယ်ဖြတ်တောက်ထားတာပဲဖြစ်တယ်။ အဆိုးဆုံးကတော့ နိုင်ငံရေးအရ အဓိကရန်သူဖြစ်နေတဲ့ အီရန်နိုင်ငံရဲ့ လွှမ်းမိုးမှုအောက်ကနေ လွတ်မြောက်ဖို့ ရုန်းကန်နေရဆဲဖြစ်တယ်။

### လူငယ်တွေကို ဦးတည်တဲ့ ပြောင်းလဲမှု

ပြည်တွင်းမှာတော့ ဆော်ဒီအိမ်ရှေ့မင်းသားဟာ တိုင်းပြည်ရဲ့ စီးပွားရေးနဲ့ လူမှုဘဝတွေကို ခေတ်မီအောင် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေပြီး သူ့ရဲ့အာဏာတည်တံ့ပြီး ပိုမိုကြီးထွားလာအောင်လည်း လုပ်ဆောင်နေတယ်။ ဆော်ဒီနိုင်ငံက သတင်းတွေကို လွတ်လွတ်လပ်လပ်ဖော်ပြလို့မရတဲ့ နိုင်ငံမျိုးမှာ ဒီလိုမျိုး ရုတ်တရက်ပြောင်းလဲမှုတွေအတွက် အာဏာပိုင်တွေက ဘာဖြေရှင်းချက်မှ ပေးလေ့မရှိပါဘူး။ ဒါပေမယ့် ဝေဖန်သုံးသပ်သူတွေကတော့ ဒီပြောင်းလဲမှုတွေဟာ လူငယ်တစ်ဦးဖြစ်တဲ့ အိမ်ရှေ့မင်းသားရဲ့ အစီအစဉ်တွေသာ ဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။ ဒါဟာ လူငယ်မျိုးဆက်တွေကို ဦးတည်တဲ့ ပြောင်းလဲမှုတစ်ခုသာဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။

### စွမ်းဆောင်ရည်မြင့်တဲ့ တပ်ဖွဲ့မျိုး ဖြစ်မလာခဲ့

လွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာကတည်းက ဆော်ဒီဟာ စစ်လက်နက်ပစ္စည်းတွေ ဝယ်ယူဖို့ဆိုရင် အမေရိကန်၊ ဗြိတိန်နဲ့ အခြားသောနိုင်ငံတွေဆီက ဝယ်ယူရကာ အဲဒီအတွက် ဒေါ်လာဘီလီယံချီပြီး ကျခံသုံးစွဲခံရပါတယ်။ ဒီလိုမျိုးစစ်လက်နက် အကောင်းစားတွေ ဝယ်ယူတပ်ဆင်ခဲ့ပေမယ့် နိုင်ငံရဲ့လုံခြုံရေးကို အပြည့်အဝအကာအကွယ်ပေးနိုင်တဲ့ စွမ်းဆောင်ရည်မြင့်တဲ့ တပ်ဖွဲ့မျိုးတော့ ဖြစ်မလာခဲ့ပါဘူး။ အိမ်ရှေ့မင်းသား မိုဟာမက်ကတော့ သူဟာ စစ်လက်နက်ပစ္စည်းတွေ ဝယ်ယူဖို့အတွက် သုံးလိုက်ရတဲ့ငွေတွေနဲ့ ထိုက်တန်တဲ့ စွမ်းဆောင်ရည်မျိုး ပြန်မရတဲ့အပေါ် များစွာစိတ်ပျက်မိတယ်လို့ လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

> **“ယီမင်စစ်ပွဲမှာ အနိုင်မရတာကို ရည်ညွှန်းပြီး ပြောဆိုနေသလိုပါပဲ၊ ဆော်ဒီဟာ ယီမင်စစ်ပွဲမှာ ပါဝင်နေတာ ကြာပြီဖြစ်ပေမယ့် အခုထက်ထိအောင် အဆုံးမသတ်နိုင်သေးပါဘူး၊ ဒီတော့ ဆော်ဒီတပ်ဖွဲ့ရဲ့စွမ်းဆောင်ရည်မြင့်လာအောင် အပြောင်းအလဲတစ်ခုခုလုပ်မှ ဖြစ်တော့မယ်လို့ အိမ်ရှေ့မင်းသားက ယူဆခဲ့”**

ယီမင်စစ်ပွဲမှာ အနိုင်မရတာကို ရည်ညွှန်းပြီး ပြောဆိုနေသလိုပါပဲ။ ဆော်ဒီဟာ ယီမင်စစ်ပွဲမှာ ပါဝင်နေတာ ကြာပြီဖြစ်ပေမယ့် အခုထက်ထိအောင် အဆုံးမသတ်နိုင်သေးပါဘူး။ ဒီတော့ ဆော်ဒီတပ်ဖွဲ့ရဲ့ စွမ်းဆောင်ရည်မြင့်လာအောင် အပြောင်းအလဲတစ်ခုခုလုပ်မှ ဖြစ်တော့မယ်လို့ အိမ်ရှေ့မင်းသားက ယူဆခဲ့ပါတယ်။ ဒေသတွင်းမှာ အင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ တပ်ဖွဲ့တစ်ခုဖြစ်လာဖို့အတွက် ရည်ရွယ်ပြီး ဆော်ဒီတပ်ဖွဲ့အတွင်းမှာ နေရာပြောင်းလဲမှုတွေ ပြုလုပ်ခဲ့တာပဲ ဖြစ်တယ်လို့ ဝေဖန်ကြပါတယ်။ ဒါပေမယ့်လည်း အစိုးရကတော့ ဒါဟာ သာမန် လုပ်ရိုးလုပ်စဉ်တစ်ခုပါပဲ။ အသက်ကြီးလို့ အနားယူတော့မယ့်လူတွေနေရာမှာ အစားထိုးတာသာဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

### နေရာအရွှေ့အပြောင်းတွေ ပြုလုပ်လာ

ဆော်ဒီတပ်ဖွဲ့ဟာ ပိုမိုပြီး လွတ်လပ်ကာ အမှီအခိုကင်းတဲ့ တပ်ဖွဲ့ဖြစ်လာဖို့ရယ် စည်းကမ်းစနစ်ကျပြီး စည်းလုံးတဲ့ တပ်ဖွဲ့တစ်ခုဖြစ်လာဖို့ ရည်ရွယ်ထားပုံပါပဲ။ လေကြောင်းနဲ့ မြေပြင်တပ်တွေရဲ့အကြီးအကဲတွေကိုပါ နေရာအရွှေ့အပြောင်းတွေ ပြုလုပ်လိုက်ပါတယ်။ ဆော်ဒီတပ်ဖွဲ့အတွင်းမှာပဲ ပြုပြင်ပြောင်းလဲမှုတွေ လုပ်တာ မဟုတ်ပါဘူး။ နန်းတော်လုံခြုံရေးကိုပါ ဆောင်ရွက်ရတဲ့ ပြည်ထဲရေးဝန်ကြီးဌာနအတွင်းမှာလည်း ပြောင်းလဲမှုတွေ လုပ်လိုက်ပါတယ်။ ဒါ့အပြင် နောက်ထပ် မင်းသားသုံးပါးကိုလည်း ဒုတိယအုပ်ချုပ်ရေးမှူးရာထူးတွေ ပေးအပ်ခဲ့ပါတယ်။ အဲဒီမင်းသားသုံးဦးထဲက တစ်ဦးဖြစ်တဲ့ တာကီဘင် တယ်အယ်ဟာ ဆော်ဒီအာရေဗျရဲ့ နာမည်အကြီးဆုံး ရင်းနှီးမြှုပ်နှံသူ မင်းသား Alwaleed bin Talal ရဲ့ ညီတစ်ဦးလည်း ဖြစ်တယ်။ Alwaleed bin Talal ဟာ နိုဝင်ဘာလအတွင်းက အိမ်ရှေ့မင်းသားရဲ့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအစီအစဉ်နဲ့ ဖမ်းဆီးတဲ့အထဲ ပါသွားခဲ့ပြီး အထိန်းသိမ်းခံရပါတယ်။ သူဟာ ကမ္ဘာမှာ အချမ်းသာဆုံးပုဂ္ဂိုလ်တွေထဲက တစ်ဦးအပါအဝင်လည်း ဖြစ်တယ်။လွန်ခဲ့တဲ့လကပဲ လွတ်မြောက်သွားပြီလို့ သိရပါတယ်။ သူအပါအဝင် နောက်ထပ် ဖမ်းဆီးခံထားရသူတွေထဲက နာမည်ကျော် သူဌေးကြီးတွေကိုလည်း လွှတ်ပေးလိုက်ပြီလို့လည်း သိရပါတယ်။ နိုင်ငံအတွက် အထောက်အကူဖြစ်စေရပါမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လွှတ်ပေးလိုက်တာဖြစ်တယ်။

### အမျိုးသမီးတစ်ဦးကို ဒုဝန်ကြီး ခန့်အပ်

ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံရတဲ့ တစ်ဦးတည်းသော အမျိုးသမီးကတော့ တာမဒါအယ်ရမ်မက်ဖြစ်ပြီး အလုပ်သမား ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံရတာလည်း ဖြစ်တယ်။ သူဟာ ဒီရာထူးကိုရတဲ့ ပထမဦးဆုံးအမျိုးသမီးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိအစိုးရအဖွဲ့မှာတော့ အမျိုးသမီးတစ်ဦးအနေနဲ့ ဒီလိုမျိုးရာထူးရတာ သူတစ်ဦးပဲရှိပါတယ်။ ဒါဟာလည်း အိမ်ရှေ့မင်းသား လတ်တလော လုပ်ဆောင်နေတဲ့ အမျိုးသမီးတွေ လုပ်ငန်းခွင်အတွင်း နေရာပိုရလာဖို့၊ အမျိုးသမီးတွေအပေါ်မှာထားတဲ့ ကန့်သတ်ချက်တွေ လျှော့ချနိုင်ဖို့ ကြိုးစားတဲ့ ရလဒ်တစ်ခုလို့လည်း တွေးလို့ရပါတယ်။ ဇွန်လအတွင်းကလည်း ဆော်ဒီမှာ အမျိုးသမီးတွေ ကားမောင်းခွင့်ပေးခဲ့ပါတယ်။ အခုဆိုရင် အမျိုးသမီးကားမောင်း သင်တန်းတွေတောင် ဖွင့်နေပြီလို့ သိရပါတယ်။

### ကာတာနိုင်ငံက လွတ်လပ်ခွင့်ပိုရ

ဆော်ဒီဟာ ဒေသတွင်းမှာ အမျိုးသမီးတွေအပေါ် လွတ်လပ်ခွင့်ပေးမှု အနည်းဆုံးနိုင်ငံဖြစ်ပြီး ရှေးရိုးစွဲများကာ ပိတ်ပင်ကန့်သတ်မှုတွေလည်း များပါတယ်။ အိမ်နီးချင်း ကာတာနိုင်ငံမှာတောင် ဆော်ဒီထက်စာရင် အများကြီးလွတ်လပ်ပါတယ်။ ကာတာမှာဆိုရင် ရုပ်ရှင်ရုံတွေ၊ ပျော်ပွဲစားရုံတွေ ရှိရုံသာမက အမျိုးသမီးတွေအတွက်လည်း လွတ်လပ်ခွင့်တွေ ပိုပါတယ်။

### ရေနံအပေါ် အမှီအခိုကင်းအောင် ကြိုးစား

လက်ရှိပြုလုပ်နေတဲ့ အပြောင်းအလဲမှာဆိုရင် လူငယ်တွေကို ပိုမိုနေရာပေးလာပြီး အိမ်ရှေ့မင်းသားဟာ သူ့ရဲ့အာဏာပိုပြီးတည်မြဲလာအောင် လုပ်ဆောင်နေတာသာဖြစ်တယ်လို့လည်း ဝေဖန်ကြပါတယ်။ ဆော်ဒီနိုင်ငံဟာ ၂၀၃၀ ပြည့်နှစ်ရောက်ရင် စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာပြောင်းလဲမှုတွေ ပြုလုပ်ဖို့ ရည်ရွယ်ထားပြီး ရေနံအပေါ် မှီခိုနေရမှု လျော့နည်းအောင်လည်း ကြံဆနေပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်တွေ ပြည့်မီပါ့မလား။ ဘာပဲပြောပြော လက်ရှိမှာတော့ ဆော်ဒီအိမ်ရှေ့မင်းသားဟာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီး ပြုလုပ်နေတာကတော့ လက်တွေ့ပဲဖြစ်တယ်။ နှစ်ပေါင်းများစွာ ပိတ်ပင်ခံခဲ့ရတဲ့ အမျိုးသမီးတွေ ကားမောင်းခွင့်ရလာပြီး လုပ်ငန်းခွင်မှာ ပိုမိုဝင်ရောက်လာဖို့ တွန်းအားတွေလည်း ရှိလာတယ်။ လူငယ်တွေကိုလည်း နေရာပေးလာတာကို တွေ့ရပါတယ်။

ဒါပေမယ့် အခုချိန်ထိတော့ ယီမင်စစ်ပွဲကို အဆုံးမသတ်နိုင်ရုံမျှမက အီရန်ရဲ့ ခြိမ်းခြောက်မှုအောက်ကလည်း မလွတ်မြောက်နိုင်သေးတာကတော့ အမှန်ပါပဲ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၀)

# အဂတိဟူသည်



ဦးဟန်ညွန့် (ဥပဒေ)



**အဂတိတိုက်ဖျက်ရေး**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးတာဝန်ကို ထမ်းဆောင်ရသူတစ်ဦးအဖို့ အဂတိဟူသည် ဘာလဲ။ အဂတိ၏အဓိပ္ပာယ်၊ နောက်ခံသမိုင်း၊ အတွေ့အကြုံများ၊ အစီရင်ခံစာများ၊ အဆိုအမိန့်များ၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များ စသည်ဖြင့် လေ့လာရမည်။ ပြည်သူ့အသံ နာခံရမည်။ မှတ်စုပြုရမည်။ ဆန်းစစ်ရမည်။ ပြန်လည်သုံးသပ်ရမည်။ ဤသို့ယုံကြည်မိသည်။ ထို့ကြောင့် စုစည်းတင်ပြပါရစေ။

**အစောဆုံးဆောင်ရွက်ချက်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို မြန်မာနိုင်ငံက အစောဆုံးဆောင်ရွက်ခဲ့တာပါ။

ဘာကြောင့်ဤသို့ပြောနိုင်ပါသလဲ။

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်။

၁၉၄၈ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ရက်စွဲဖြင့် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

ထို့ကြောင့် အဂတိလိုက်စားမှုကို တားမြစ်ဖို့မြန်မာနိုင်ငံသည် အစောဆုံးဆောင်ရွက်ခဲ့ကြောင်း သမိုင်းသက်သေရှိနေပေသည်။

**ရာထူးအလျောက်**

ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်သည် မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ၊ အောက်ပါတစ်ခုခုကိုပြုလုပ်လျှင် မိမိ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်အောင်အကျင့်ဖောက်ပြန်မှုကို ကျူးလွန်သည်မည်၏။ ရာထူးအလျောက်အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် ရာဇဝတ်ထိုက်သင့်အောင် အကျင့်ဖောက်ပြန်မှုကို ပြဋ္ဌာန်းထားသောပုဒ်မဖြစ်သည်။

**အက်ဥပဒေအမှတ် ၆၇**

၁၉၄၈ခုနှစ်အက်ဥပဒေအမှတ် ၆၇ ဖြစ်သည်။ Myanmar Code, Vol. VIII P-443 တွင်ဖော်ပြပါရှိသည်။ ဤအက်ဥပဒေကို ၁၉၅၄ခုနှစ်နောက်ပိုင်းပြင်ဆင်သည့် ဥပဒေအမှတ် ၁၆/၅၉ဖြင့် ပြင်ဆင်ခဲ့သည်။ ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတက ထုတ်ပြန်သည့် ၁၉၄၈ခုနှစ် နိုဝင်ဘာ ၈ရက်နေ့ကစ၍ အာဏာတည်ခဲ့သည်။ နိုင်ငံတစ်ဝန်းလုံးတွင် အာဏာသက်ရောက်သည်။

**ကြိုတင်ခွင့်ပြုမိန့်**

ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်ကို အရေးယူလိုလျှင် ကြိုတင်ခွင့်ပြုမိန့်လိုအပ်သည်။

**စီရင်ထုံး**

၁၉၄၈အက်ဥပဒေနှင့်စပ်လျဉ်း၍ ထင်ရှားသောစီရင်ထုံးအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**လာဘ်ပေးသူမှာ လာဘ်ယူသူကို အားပေးကူညီရာရောက်ခြင်း**

“လာဘ်ယူ၍မိမိအခွင့်အာဏာကို အလွဲသုံးစားပြုရန် လာဘ်ပေးသူ၏ အမှုကိစ္စကို အောင်မြင်အောင်ဆောင်ရွက်နိုင်သူမှာ ဒုတိယအယူခံတရားလိုဖြစ်သည်။ မိမိအားအပ်နှင်းထားသော အာဏာကိုတံစိုးလက်ဆောင်စား၍ အလွဲသုံးစားပြုခြင်းကြောင့် ဒုတိယအယူခံ တရားလိုအပေါ်တွင် အဂတိလိုက်စားမှုဥပဒေပုဒ်မ ၄(၁)(ဂ)/၄(၂)အရပြစ်မှုထင်ရှားတွေ့ရှိခြင်းသည် မှန်ကန်သည်။ ဒုတိယအယူခံ တရားလိုက လာဘ်ယူနိုင်အောင် ကူညီဖန်တီးပေးသည်။ လာဘ်ငွေပေးသော ပထမအယူခံတရားလိုအပေါ် ပုဒ်မ ၄(၁)(ဂ)/၄(၂) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ အဂတိလိုက်စားမှုကို အားပေးကူညီသူအဖြစ် ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းသည်လည်း မှန်ကန်သည်”ဟု ၁၉၆၅ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ စာ-၆၁ တွင် ထုံးဖွဲ့သည်။

**လာဘ်ယူသူအားကင်းလွတ်ခွင့်ပေးရန်မသင့်**

“လာဘ်ပေးလာဘ်ယူကိစ္စများတွင် ပေးသူရှိ၍လည်း ယူသူရှိတတ်သည်။ နှစ်ဖက်ကျေနပ်သင့်မြတ်နေကြလျှင် အမှုမပေါ်။ ပေးသူက မကျေနပ်၍ တိုင်တန်းမှအမှုပေါ်တတ်သည်။ လက်ပူးလက်ကျပ်မိရန်ဆိုလျှင်လည်း ကြိုတင်ပြင်ဆင်၍ ဖမ်းရပြန်သည်။ ပေးစဉ်က ကျေနပ်စွာပေး၍ လိုတာမရသောအခါမှ လာရောက်သတင်းပေးသူ၊ ထိုသူ၏အကူအညီဖြင့် ဖမ်းဆီးရခြင်းတို့သည် မနှစ်မြို့ဖွယ်ဖြစ်သည် မှန်၏။ သို့ရာတွင် မနှစ်မြို့ဖွယ်ထဲမှပင် အဖြစ်မှန်ကို ရှာဖွေရမည် ဖြစ်သည်။ မတော်မတရားလီဆယ်၍ အမှုဆင်ခြင်းဖြစ်သည်ကို တွေ့ရလျှင်အစွပ်စွဲခံရသူကို လွတ်ကင်း၍ ဒုက္ခငြိမ်းစေကာ မတရားစွပ်စွဲသူကိုပင် သင့်တော်သလို အရေးယူရမည်။ လာဘ်ယူခြင်းမှန်လျှင်မူကား ယခင်က ကျေနပ်စွာပေးခဲ့သူ၏ မသန့်ရှင်းခြင်းတစ်ရပ်တည်းကြောင့် လာဘ်ယူသူကို လွတ်ကင်းစေခွင့်သင့်မည် မဟုတ်ချေ”ဟု ၁၉၆၇၊ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ စီရင်ထုံးများ၊ စာ-၁၄၈ တွင် ထုံးဖွဲ့ထားပြန်သည်။

**လွတ်လပ်ရေးမရမီ**

၂၃.၁၂.၁၉၄၇။ ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများ ခိုးယူခြင်းမှကာကွယ်သည့် ကော်မတီ [Civil supplies Thefts preventive committee]

- ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးကော်မတီ [Public Property Protection Committee]

- ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးရဲအဖွဲ့ [Public Property Protection Police- P-4]

**အရေးယူဆောင်ရွက်မှု**

၁၉၆၁ ခုနှစ် ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး) အခန်း (၉) ပုဒ်မ ၁၆၁ မှ ၁၆၅ အထိ ပါဝင်သည့် ပြဋ္ဌာန်းချက်များအရ အရေးယူဆောင်ရွက်ပါသည်။

**ပြည်သူ့ဝန်ထမ်းပြစ်မှုများ**

ပြည်သူ့ဝန်ထမ်းတို့ ကျူးလွန်သော သို့မဟုတ် ပြည်သူ့ဝန်ထမ်းတို့နှင့် သက်ဆိုင်သော ပြစ်မှုများအကြောင်းကို ရာဇသတ်ကြီး အခန်း(၉)တွင် ဖော်ပြထားသည်။ ပုဒ်မ ၁၆၁ မှ ၁၆၅ အထိဖြစ်သည်။

ပြည်သူ့ဝန်ထမ်းတို့က အဂတိလိုက်စားမှု၊ တံစိုးလက်ဆောင်ယူမှုနှင့် စပ်လျဉ်း၍ ပြစ်မှုများတွင် အများဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်သည်။

တံစိုးလက်ဆောင်ယူခြင်းနှင့် အဂတိလိုက်စားခြင်းများကို တားမြစ်ရေးအတွက် ပိုမိုထိရောက်သော ပြစ်ဒဏ်ချမှတ်ရန် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ(အမှတ် ၆၇/ ၁၉၄၈) ကို ပြဋ္ဌာန်းခဲ့သည်။ ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် တရားခံရရှိခံစားထားသော အကျိုးအမြတ်များကို အစိုးရဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ဥပဒေပြဋ္ဌာန်းခဲ့သည်။

**ကုလသမဂ္ဂ**

၂၀၀၃ ခုနှစ် ကုလသမဂ္ဂအဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UN Convention against Corruption,2003)ကို မြန်မာနိုင်ငံက ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ သည်။

**ဥပဒေပြဋ္ဌာန်း**

၇-၈-၂၀၁၃ နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၂၃ ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ (၁၉၄၈ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေကို ရုပ်သိမ်းခဲ့ပြီးဖြစ်သည်)

> **“လာဘ်ပေးလာဘ်ယူကိစ္စများတွင် ပေးသူရှိ၍လည်း ယူသူရှိတတ်သည်။ နှစ်ဖက်ကျေနပ်သင့်မြတ်နေကြလျှင် အမှုမပေါ်၊ ပေးသူက မကျေနပ်၍ တိုင်တန်းမှ အမှုပေါ်တတ်သည်၊ လက်ပူးလက်ကျပ်မိရန်ဆိုလျှင်လည်း ကြိုတင်ပြင်ဆင်၍ ဖမ်းရပြန်သည်။ ပေးစဉ်က ကျေနပ်စွာပေး၍ လိုတာမရသောအခါမှ လာရောက်သတင်းပေးသူ၊ ထိုသူ၏အကူအညီဖြင့် ဖမ်းဆီးရခြင်းတို့သည် မနှစ်မြို့ဖွယ်ဖြစ်သည် မှန်၏။ လာဘ်ယူခြင်း မှန်လျှင်မူကား ယခင်က ကျေနပ်စွာပေးခဲ့သူ၏ မသန့်ရှင်းခြင်း တစ်ရပ်တည်းကြောင့် လာဘ်ယူသူကို လွတ်ကင်းစေခွင့်သင့်မည် မဟုတ်ချေ”**

**ဤဥပဒေအရသာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (အမှတ် ၂၃ / ၂၀၁၃) သည် တည်ဆဲဥပဒေဖြစ်သည်။ ဤဥပဒေအရသာ အဂတိမှုခင်းများကို အရေးယူရတော့မည်ဖြစ်သည်။ **ဘာကြောင့်လဲ။**

(၁) ၁၉၇၃ ခုနှစ်စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေ(အမှတ် ၂၂ /၁၉၇၃ )ပုဒ်မ ၃ (က) နှင့် (ဆ)တို့အရ ယေဘုယျဥပဒေဖြစ်သော ရာဇသတ်ကြီးကို အထူးဥပဒေက လွှမ်းမိုးခြင်း

(၂) ရှေးဦးကျသော ဥပဒေနှင့် နောက်ကျသော ဥပဒေတို့ ဆန့်ကျင်ကွဲလွဲလျှင် နောက်ကျသော ဥပဒေက လွှမ်းမိုးသည့် အကြောင်းဖြစ်ခြင်း

(၃) ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၆၁ နှင့် ၁၆၅ အမှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ(အမှတ် ၂၃/ ၂၀၁၃) ဖြင့်သာ အရေးယူရမည်ဖြစ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**သန့်ရှင်း၊ ကောင်းမွန်**

နိုင်ငံတော်အစိုးရသည်-

(၁) သန့်ရှင်းသောအစိုးရ(CLEAN GOVERNMENT)

(၂) ကောင်းမွန်သော အုပ်ချုပ်ရေး (GOOD GOVERNANCE)

အမှန်တကယ် ဖြစ်လာအောင် စီမံဆောင်ရွက်ရပါမည်။ ကိုယ်ကျင့်သိက္ခာမြင့်မားရေးသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အခြေခံလည်း ဖြစ်ပေသည်။

**ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်** (Statement of Purpose)

၂၀၀၃ ခုနှစ် ကုလသမဂ္ဂအဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်က ဘာလဲ။

**အဓိက ရည်ရွယ်ချက်မှာ-**

အဂတိလိုက်စားမှုများအား ပိုမိုထိရောက်အောင်မြင်စွာ တားဆီးနှိမ်နင်းရေးကိစ္စများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ အဂတိလိုက်စားမှုများအား တားဆီးကာကွယ်ရေးနှင့် မတရားရယူထားသော ပစ္စည်းများကို ရှာဖွေသိမ်းဆည်းရေးတို့အတွက် အရေးယူဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် နည်းပညာအကူအညီပေးမှုများကို တိုးမြှင့်၍ ဖြည့်ဆည်းထောက်ပံ့နိုင်ရန်အတွက် လည်းကောင်း၊ ပြည်သူ့ရေးရာကိစ္စများနှင့် ပြည်သူ့ပစ္စည်းများကို ဖြောင့်မတ်ရိုးသားမှု၊ တာဝန်ခံမှုနှင့် လျော်ကန်သင့်မြတ်စွာ စီမံခန့်ခွဲမှုများကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း ပြဋ္ဌာန်းခြင်း ဖြစ်သည်။

**ဥပဒေမူဘောင်**

တည်ဆဲဥပဒေသည် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြစ်ပါသည်။ ဤဥပဒေသည် ဥပဒေမူဘောင်အတွက် ပြည့်စုံလုံလောက်ပြီလား။ လက်တွေ့ဘဝနှင့် ကိုက်ညီပါ၏လား။ ပြည်သူ့ဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ပါပြီလား။ ကာလဒေသ၊ ပယောဂတို့နှင့်ပါ ချိန်ခါသင့်၍ ပန်းနှယ်ပွင့်ပြီလား။ အားသာချက်၊ အားနည်းချက်၊ ဝေဖန်သုံးသပ်ချက်တို့ဖြင့် စိစစ်ကြမည်လား။ စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းအဆင့်သို့ပင် တိုင်ချေပြီ။ ပြည်သူ့အကြံဉာဏ် ခံယူလျက်ရှိပါပြီ။

**စေတနာ**

(၁) **အဂတိ**ဟူသည် ပြည်သူလက်မခံ။

(၂) ပြည်သူ့ဘဝ၊ ပြည်သူ့ပစ္စည်း၊ ပြည်သူ့ငွေကြေးတို့သည် ပြည်သူတို့၏ အကျိုးစီးပွားအတွက်သာ၊ တရားမျှတစွာ တည်စေပါမည်။

(၃) ကိုယ်ကျင့်သိက္ခာမြင့်မားသော မြန်မာတို့၏ စေတနာမေတ္တာများဖြင့် အဂတိများကင်းစင်ပပျောက်စေမည်ဟု တွေးမိသော ကျွန်တော်၏ စေတနာ၊ ဥပဒေအတွေးမျှသာပါ။ ။

## မဒေါက်မြို့တိုက်နယ်ဆေးရုံကြီး မတ်လဒုတိယပတ်အတွင်း ဖွင့်လှစ်နိုင်ရန်စီစဉ်

**မဒေါက် မတ် ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ “အာရောဂျဒါန” ၁၆ ခုတင်ဆံ့ သံဃနာယက ဆရာတော်ကြီးများနှင့် တပည့်တကာများ စုပေါင်းပြီး မဒေါက်မြို့မြို့မ ၁ ရပ်ကွက်ရှိ တိုက်နယ်ဆေးရုံဝင်းအတွင်း၌ ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

“အာရောဂျဒါန” ၁၆ ခုတင်ဆံ့ကို တိုက်နယ်ဆေးရုံသစ်ကြီး ဖွင့်လှစ်နိုင်ရေးနဲ့ပတ်သက်ပြီး မဒေါက်မြို့ဆေးရုံသစ်ဖြစ်မြောက်ရေးကော်မတီဦးစိုးသိန်းက “မဒေါက်မှာ ၁၉၅၉ ခုနှစ်ကစပြီး ကျေးလက်ကျန်းမာရေးဌာနရှိခဲ့တာ၊ ၁၉၈၆ ခုနှစ်လောက်မှာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ဖွင့်လှစ်ခဲ့တယ်၊ စတင်ဆောက်လုပ်ဖွင့်လှစ်ခဲ့တဲ့ အချိန်တုန်းက မြို့ပေါ်နဲ့အနီးပတ်ဝန်းကျင်ကျေးရွာမှာရှိတဲ့ လူဦးရေက သိပ်မများဘူး၊ အခုလူဦးရေများပြားလာတဲ့ အချိန်မှာတော့ လူနာတွေကျယ်ကျယ်ဝန်းဝန်းနဲ့ ဆေးကုသနိုင်ရန်အတွက် ဒီဆေးရုံကြီးရည်ရွယ်တည်ဆောက်ခဲ့တာဖြစ်တယ်၊ ဆရာတော်ကြီးရဲ့ဦးဆောင်မတည် လှူဒါန်းငွေတွေ တပည့်ဒါယကာ၊ ဒါယိကာမတွေရဲ့ စုပေါင်းလှူဒါန်းငွေတွေနဲ့ ဒီဆေးရုံသစ်ကြီးကို ဆောက်လုပ်လှူဒါန်းတာပါ၊ နိုင်ငံတော်ကလည်း ဒီဆေးရုံသစ်ကြီးကို ဖွင့်လှစ်တော့မယ်ဆိုတော့ ဆေးဝါးတွေ၊ ဆေးရုံသုံးပစ္စည်းတွေနဲ့ ပတ်သက်လို့ လိုအပ်တာတွေ ပံ့ပိုးပေးထားတာ အခုဆိုရင် ဆေးရုံမှာ ရောက်နေပါပြီ”ဟု ပြောပြသည်။

“အာရောဂျဒါန” ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကြီး ဆောက်လုပ်ရေးအတွက် ဖြစ်မြောက်အကောင်အထည်ဖော်ရေး၊ သံဃာအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်ကော်မတီများကို ဖွဲ့စည်းပြီး ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကာလပန္နက်တင်မင်္ဂလာကိုပြုလုပ်ခဲ့၍ စတင်ဆောက်လုပ်ခဲ့ရာ ပြီးစီးခဲ့ပြီ ဖြစ်သည်။ အဆိုပါ တိုက်နယ်ဆေးရုံကြီးကို မတ် ၉ ရက်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပိန်းဇလုပ်- သိန်းညွန့်



# အမေရေယဉ် နန်းရင်းနတ်ပွဲ ခေါ် အနောက်အမေကြီးပွဲ စတင်ပြီ

**ပုလဲ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲ မြို့နယ်မောင်းတုံကျေးရွာရှိအမေရေယဉ် နန်းရင်းရွှေနန်းတော်၌ ဖေဖော်ဝါရီ ၂၇ ရက် (တပေါင်းလဆန်း ၁၃ ရက်) မွန်းလွဲ ၂ နာရီခွဲမှစတင်၍ အညာဒေသ၏ ထင်ရှားစည်ကားသော ပွဲတော်တစ်ခုဖြစ် သည့် အမေရေယဉ်နန်းရင်းနတ်ပွဲ ခေါ် အနောက်အမေကြီးပွဲကို စတင်ကျင်းပပြီဖြစ်ရာ တပေါင်းလပြည့်နေ့ မတိုင်မီကပင် မြန်မာနိုင်ငံ အရပ်ရပ်မှ နတ်ကတော်များ၊ ယုံကြည်ကိုးကွယ် သူများအနေဖြင့် အမေရေယဉ်နန်းရင်း ရွှေနန်းတော်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

ယုံကြည်ကိုးကွယ်သူများ၏ အယူအဆအရ အနောက်အမေကြီး၏နယ်မြေသည် ပုံတောင်ပုံညာ အရှေ့ဘက်နှင့် ချင်းတွင်းမြစ်အနောက် ဘက်ကမ်း ယမားနယ်ဒေသဖြစ်သည်။ အနောက်အမေကြီးပွဲကို တပေါင်းလဆန်း ၁၃ ရက်မှ တပေါင်းလပြည့်ကျော် ၃ ရက်အထိ အတွင်းနန်းဆောင် မောင်းတုံနန်းရင်းတွင် ပွဲကျင်းပပြီး တပေါင်းလပြည့်ကျော် ၄ ရက်တွင် ချိုးရေတော်သုံးကာ လပြည့်ကျော် ၅ ရက်မှ ၈ ရက်အထိ ယင်းမာပင်မြို့နယ် ဇီးတောကျေးရွာဦး ကုန်းမြင့်ရှိ အပြင်နန်းဆောင် (တောနန်း) သို့ ကြွတော်မူကြောင်း သိရသည်။



ပုလဲမြို့နယ် မောင်းတုံကျေးရွာရှိ အမေရေယဉ် နန်းရင်းရွှေနန်းတော် ကြီးကြပ်မှုကော်မတီ နာယက ဦးဘိုစန်းက "ဒီအမေကြီးပွဲကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်လောက်က စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်၊ ကျွန်တော့်အဘိုးရဲ့ အဖေဖြစ်သူ ဦးကျော်တင်ကို အမေကြီးက အိပ်မက်ပေးတာကြောင့် အရင်တုန်းက ယင်းမာပင်နယ် ပေါင်ချောင်ထန်းတောနားမှာ အမေကြီးရုပ်တုအသက်ဘူးတို့ကို တူးဖော်ရရှိခဲ့ရာက တစ်ပင်နန်းလေးထားရှိပေးပြီး နယ်သူနယ်သားတွေ နှစ်စဉ်မပျက် ဦးခိုက်ပူဇော်ခဲ့တာကစပြီး ယနေ့အထိ စည်စည်ကားကားနဲ့ ကျင်းပလျက်ရှိပါတယ်" ဟု ပြောသည်။

အမေရေယဉ် နန်းရင်းနတ်ပွဲသည် အညာဒေသတွင်ထင်ရှားစည်ကားသော ရိုးရာယုံကြည်မှုဆိုင်ရာ ပွဲတော်တစ်ခုဖြစ်ကာ ပွဲတော်ကာလအတွင်း နေ့စဉ် လူပေါင်းသောင်းနှင့်ချီ၍ ရောက်လာကြမြဲ ဖြစ်သည်။ ပွဲတော်လာသော လှည်းများ၊ ကားများ၊ ဆိုင်ကယ်များမှာ အရေအတွက် ထောင်ချီရှိကာ တပေါင်းလပြည့်ကျော် ၅ ရက်နှင့် ၆ ရက်တွင် ပုလဲမြို့နယ်၊ မြိုင်မြို့နယ်၊ ပခန်းနယ်၊ ယောနယ်တို့မှ လာရောက်ကြသူ များပြားပြီး ၇ ရက်နှင့် ၈ ရက်တွင် ယင်းမာပင်၊ ကနီ၊ မုံရွာနယ်နှင့် မြန်မာနိုင်ငံအတွင်း မြို့နယ်အသီးသီးမှ ယုံကြည်သက်ဝင်ကြသည့် ပြည်သူများ လာရောက်ကြကြောင်း သိရသည်။

**မင်းခန့်စိုး (ဧယျာမြေ)**

# စာအောင်သံဃာတော်၊ သီလရှင်များအား ဂုဏ်ပြုလွှာ ဆက်ကပ်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁**

၁၃၇၈ ခုနှစ်တွင် ကျင်းပခဲ့သည့် ပါဠိပထမပြန်စာမေးပွဲ၌ ဗဟန်းမြို့နယ်အတွင်း ဓမ္မာစရိယနှင့် ငယ်၊ လတ်၊ ကြီး၊ စာအောင် သံဃာနှင့်သီလရှင်များအား ဒုတိယအကြိမ်မြောက် ထပ်ဆင့်ချီးကျူးဂုဏ်ပြုလွှာ ဆက်ကပ်ပူဇော်ပွဲကို မတ် ၃ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရွှေတိဂုံစေတီတော် (မြောက်ဘက် မုခ်အနီး)သူရဲကောင်းစစ်သည်ဗိမာန်ဘေး ကြီးငါးကြီးဆုတောင်းပြည့် ဘုရားရင်ပြင်တော်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရေစက်ချ အလှူတော်မင်္ဂလာနှင့် ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲတွင် ဓမ္မာစရိယကျမ်းပြီး ၆၉ ပါး၊ ပထမကြီးတန်းအောင် ၉၇ ပါး၊ ပထမလတ်တန်းအောင် ၁၀၁ ပါးနှင့် ပထမငယ်တန်းအောင် ၈၂ ပါး စာအောင်သံဃာတော် ၊သီလရှင်စုစုပေါင်း ၃၄၉ ပါးတို့အား ချမ်းမြေ့ရွှေပြည်ပရိယတ္တိ သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ သုဓမ္မဇောတဓရ ဦးစိုးသန်းထွန်း (လူမှုထူးချွန်တတိယဆင့်) (ပွင့်သစ်ဆန်း)နှင့် အမှုဆောင်များ၊ ဧည့်သည်တော်များက လှူဒါန်းငွေနှင့်ဂုဏ်ပြုလွှာများ ဆက်ကပ်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော်**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# ဖုန်းကေလ်ဘယ်ကြိုး သွယ်တန်းခြင်းအတွက် ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆွေးနွေး

**ကလိန်အောင် မတ် ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ Mytel ဖုန်းကုမ္ပဏီက ဖုန်းကေလ်ဘယ်ကြိုး သွယ်တန်းခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး Mytel ကုမ္ပဏီမှ တာဝန်ခံ ဦးဟိန်းထက်ဇော်က ဖုန်းလိုင်းကြိုးသွယ်တန်းမည့် အစီအစဉ်များနှင့် လိုင်းကြိုးသွယ်တန်းချိန်တွင် ဒေသခံတောင်သူများ၏ ဥယျာဉ်ခြံများမှ ထိခိုက်ဆုံးရှုံးမှုရှိသော သီးနှံအပင်များ၊ နှစ်ရှည်ပင်များအတွက် တောင်သူများကျေနပ်သည်အထိ ညှိနှိုင်း၍ နစ်နာကြေး ပေးလျော်သွားမည်ဖြစ်ကြောင်းနှင့် လက်ဆောင်အနေအဖြင့် ခတ်မြေသြဇာများပါ ပေးအပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းကြကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ ဖုန်းကေလ်ဘယ်ကြိုး သွယ်တန်းခြင်းကို နောင်ရိုးမြန်မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးရွာ ဖွံ့ဖြိုးရေးရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ထန်တလန် မတ် ၁**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း Action Aid Myanmar အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျေးရွာ ၁၀ ရွာသို့ တစ်ရွာလျှင် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၆ သိန်း နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၃၆၀ ကို ဖေဖော်ဝါရီ ၂၇ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထန်တလန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ တက်ရောက်ကာ နေပြည်တော်မှ Action Aid Myanmar တာဝန်ခံက လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီးနောက် ကျေးရွာများအတွက် ရန်ပုံငွေများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**ပျော်ဘွယ်မြို့နယ် ရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုဆောင်ရွက်မှုအဖြစ် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမျိုးမြင့်လွင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ပြည်သာယာရပ်ကွက် မြသိန်းတန်ဘုရား ပရိဝုဏ်အတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးစဉ်။** မြို့နယ်(ပြန်/ဆက်)

# မြို့နယ်ပေါင်း ၂၅၀ ကျော်၌ ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းသွားမည်

**ရန်ကုန် မတ် ၁**

ကျေးလက်နှင့်ရပ်ကွက်အသီးသီးမှ ရွက်ပုန်းသီးအားကစားသမားကောင်းများ ပေါ်ထွက်လာရေးအတွက် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များကို ဖွဲ့စည်းလျက်ရှိရာ ယခု ၂၀၁၈ နှစ်ကုန်အထိ အချိန်အတွင်း မြို့နယ်ဘောလုံးအဖွဲ့ချုပ်ပေါင်း ၂၅၀ ကျော်အထိ ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

"ရပ်ကွက်နဲ့ ကျေးရွာ ရွက်ပုန်းသီးဘောလုံးအားကစားသမားကောင်းတွေ ပေါ်ထွက်လာဖို့အတွက် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တွေ စတင်ဖွဲ့စည်းလျက်ရှိပါတယ်၊ ယခုအခါမှာတော့ မြို့နယ်ပေါင်း ၆၀ လောက်မှာ ဘောလုံးအဖွဲ့ချုပ်တွေ ဖွဲ့စည်းပြီးသွားပါပြီ၊ မတ်လမကုန်မီ မြို့ပေါင်း ၁၀၀ လောက် ဘောလုံးအဖွဲ့ချုပ်တွေ ဖွဲ့စည်းနိုင်မှာဖြစ်ပါတယ်၊ ဒီနှစ်ကုန်လောက်မှာတော့ မြို့ပေါင်း ၂၅၀ ကျော်အထိ ဘောလုံးအဖွဲ့ချုပ်တွေ ဖွဲ့စည်းနိုင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်" ဟု ဦးဇော်ဇော်က ပြောသည်။



ယခုအခါ မြန်မာ့ဘောလုံးလောက တိုးတက်ရေးအတွက် မြန်မာနေရှင်နယ်လိဂ်(MNL)တစ်ခုတည်းဖြင့် ရပ်တည်လုပ်ဆောင်နေ၍ မရတော့ကြောင်း၊ MNL ကလပ်အများစုမှာ ငွေကြေးအကျပ်အတည်းကြောင့် ရေရှည်ရပ်တည်ရန် ခက်ခဲလာပြီး ရုန်းကန်ကြိုးစားနေရကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဘောလုံးလောက တိုးတက်ပြောင်းလဲစေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းလျက်ရှိကြောင်းလည်း ဥက္ကဋ္ဌက ထပ်လောင်းပြောကြားသည်။

မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းထူထောင်ပေးခြင်းသည် အားလုံးပါဝင်သော ဘောလုံးလောကတစ်ရပ်ကို ထူထောင်လိုက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ MNL လိဂ်တစ်ခုတည်းသာ အခြေပြုနေရာမှ လူငယ်ဘောလုံးကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် အသက် ၁၃ နှစ်နှင့် ၁၅ နှစ်ကြား အခြေခံပညာကျောင်းအခြေပြုနှင့် တက္ကသိုလ်ပေါင်းစုံ အခြေပြုသော ဘောလုံးကစားသမားများ ပေါ်ထွက်လာစေရန်လည်း ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

မြို့နယ်အလိုက် ဘောလုံးအသင်းများ ထူထောင်ပြီးပါက ပြိုင်ပွဲများကို စနစ်တကျ ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း၊ တက္ကသိုလ်ပေါင်းစုံ ဘောလုံးအသင်းများမှ ပေါ်ထွက်လာသော ရွက်ပုန်းသီး ကစားသမားများကို မြန်မာနေရှင်နယ်လိဂ်တွင် ပါဝင်ကစားနိုင်အောင်လည်း ချိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး၊ ခတ်ပုံ-သက္က**

# ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲ တာချီလိတ်မြို့၌ကျင်းပ

**တာချီလိတ် မတ် ၁**

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့တာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့(MRTI)တို့ ပူးပေါင်း၍ ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဟိုတယ်(တာချီလိတ်)၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြန်မာ့တာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်ဝင်းနိုင်က ဆွေးနွေးပွဲရည်ရွယ်ချက်များနှင့် အဖွဲ့၏ စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်(၁)တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေးက ကလေးသူငယ် အခွင့်အရေးဆိုင်ရာများ၊ ကလေးသူငယ်ဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး MRTI မှ သုတေသနအဖွဲ့ခေါင်းဆောင် ဦးသန်းလှိုင်ဦးက ကလေးသူငယ်များနှင့် ခရီးသွားလုပ်ငန်းများတွင် တွေ့ရှိနိုင်သော ပြဿနာများ၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ခရီးသွားလုပ်ငန်းများတွင် ကြုံတွေ့ရနိုင်သော ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမှ တားဆီးကာကွယ်နိုင်ရေးနှင့် သံသယဖြစ်ဖွယ်များ တွေ့ရှိပါက ဆက်သွယ်သတင်းပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဟိုတယ်လုပ်ငန်းများမှ အုပ်ချုပ်သူနှင့် ဝန်ထမ်းများ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ ခရီးသည်တင် မော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့် မော်တော်ဆိုင်ကယ် တက္ကစီမောင်းသူများ စသည်ဖြင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍစုံမှ ပါဝင်ကာ ကလေးသူငယ်များအား လူကုန်ကူးမှုနှင့်ဆက်နွှယ်သည့် ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းများတွင် ပြဿနာတွေ့ရှိပါက ကိုယ်တိုင်ပါဝင်ကူညီဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများ၊ သံသယဖြစ်ဖွယ် အရေးပေါ်ကြုံတွေ့ပါက သတင်းပေးတိုင်ကြားခြင်း ဆိုင်ရာများကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁ ရက်အထိ လေးရက်ကြာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း**



## အီတလီနည်းပြ ရာထူးအတွက် ကွန်တီအား ဆက်သွယ်မည်



ယခုနှစ်ဘောလုံးရာသီ မကုန်ဆုံးမီတွင် ချယ်လ်ဆီးအသင်း မန်နေဂျာ အန်တိုနီယိုကွန်တီအား အီတလီလက်ရွေးစင် အသင်း နည်းပြရာထူးအတွက် ကမ်းလှမ်းမှု ပြုလုပ်လိမ့်မည် ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

အီတလီဘောလုံးအဖွဲ့ချုပ် ဒုတိယ အကြီးအကဲဖြစ်သူ အလက်ဇန်ဒရို ကော်စတာကူတာက ချယ်လ်ဆီးမန်နေဂျာ ကွန်တီသည် အီတလီလက်ရွေးစင်အသင်း နည်းပြရာထူး အတွက် ပထမဦးစားပေး သတ်မှတ်ခံထားရသူဖြစ်ကြောင်း ပြောဆိုထားသည်။ အီတလီဗဟိုခံစစ်မှူးဟောင်း ကော်စတာကူတာနှင့် ဗဟိုကွင်းလယ်ကစားသမားဟောင်း ကွန်တီတို့သည် အီတလီလက်ရွေးစင်အသင်း ကစားဖော်ဟောင်းများဖြစ်သည်။

အီတလီဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နည်းပြ ဗန်တူရာအား ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ယာယီနည်းပြအဖြစ် လူဂီဒီဘီယာဂီယိုအား ခန့်အပ်ထားသည်။

ကော်စတာကူတာက "အီတလီ နည်းပြရာထူးအတွက် ကျွန်တော်တို့ မရွေးချယ်ရသေးပါဘူး၊ ဒါပေမယ့် ချယ်လ်ဆီးမန်နေဂျာ ကွန်တီကတော့ ဒီရာထူးအတွက် အသင့်တော်ဆုံးနည်းပြတွေထဲက တစ်ဦးဆိုတာကိုတော့ ကျွန်တော်သိပါတယ်၊ ကွန်တီကို ကျွန်တော် သေချာပေါက် ဆက်သွယ်သွားမှာပါ၊ ကွန်တီဟာ နိုင်ငံအသင်းကို ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာကို သိရှိထားသူ တစ်ဦးပါ၊ အခြားရည်ရွယ်ထားတဲ့ နည်းပြတွေကတော့ ဒီလိုအတွေ့အကြုံမျိုး မရှိဘူး"ဟု ပြောဆိုခဲ့သည်။

အေစီမီလန်အသင်း ခံစစ်မှူးဟောင်းတစ်ဦးဖြစ်သူ ကော်စတာကူတာက အီတလီအသင်း နည်းပြရာထူးအတွက် နာမည်ကျော် အီတလီလူမျိုး နည်းပြများဖြစ်သည့် ရောဘတ်တို မန်ချီနီ၊ ကားလော့စ်အန်ဆယ်လော့တီနှင့် ကလော်ဒီယိုရေနာရီတို့ကိုလည်း ရည်မှန်းထားပြီး အဆိုပါ နည်းပြများသည် နိုင်ငံလက်ရွေးစင်အသင်းအား တာဝန်ယူဖူးသည့် အတွေ့အကြုံမရှိသူများဖြစ်သည်။

**ထက်အောင်**

## ဘိုအာစ်၏ မှတ်ချက်အတွက် စပါးမန်နေဂျာ ပိုချက်တီနို ပြန်လည်ချေပ



စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းအနေဖြင့် ဆုဖလားများ ဆွတ်ခူးနိုင်ရန်အတွက် စပါးအသင်းမှ ထွက်ခွာရန် မလိုအပ်ကြောင်း စပါးအသင်း မန်နေဂျာ ပိုချက်တီနိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတွင် စပါးအသင်း မန်နေဂျာဟောင်း အန်ဒရီဗီလက်ဘိုအာစ်က အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းအနေဖြင့် ဆုဖလားများ ဆွတ်ခူးနိုင်ရန် ရည်မှန်းထားပါက စပါးအသင်းမှ ထွက်ခွာရန် လိုအပ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ခြင်းကို မန်နေဂျာ ပိုချက်တီနိုက ပြန်လည်ချေပပြောဆိုခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်း၏ ပစ်မှတ်ထားခြင်းခံနေရသူ ဟယ်ရီကိန်းအနေဖြင့် စပါးအသင်းနှင့်ပင် ဆုဖလားများ ဆွတ်ခူးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း မန်နေဂျာ ပိုချက်တီနိုက ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"လူတိုင်းက ကိုယ့်အမြင်ကို ကိုယ်မျှဝေပြောဆိုပိုင်ခွင့်ရှိပါတယ်၊ ဒါကလည်း ကောင်းမွန်တဲ့ ကိစ္စတစ်ခုပါ၊ ကိုယ့်ရဲ့အိမ်မှာလိုပဲ အတွေးအမြင်တွေက မတူညီတာမျိုးလည်းဖြစ်နိုင်ပါတယ်၊ ကိုယ့်ရဲ့ သဘောထားက ကိုယ့်ရဲ့ဇနီး၊ ချစ်သူနဲ့ မတူညီတာမျိုးတွေ ရှိလာခဲ့မယ်ဆိုရင် နောက်ဆုံးအဖြေ တစ်ခုရတဲ့အထိ ရှာဖွေသွားကြရမှာပါ၊ အရေးအကြီးဆုံးကတော့ အဖြေက ရှင်းလင်းပြတ်သားဖို့ပါပဲ၊ ကျွန်တော် စပါးအသင်းမှာ ရှိနေခြင်းက အသင်းပိုင်ရှင်နဲ့ တာဝန်ရှိသူတွေ ကျွန်တော့်အပေါ် ယုံကြည်မှုရှိတာကြောင့် ဖြစ်ပါတယ်၊ လက်ရှိ စပါးအသင်းက ကစားသမားတွေ၊ နည်းပြအဖွဲ့တွေနဲ့ ဝန်ထမ်းတွေအပေါ် ကျွန်တော်နှစ်သက်မှုရှိပါတယ်"ဟု မန်နေဂျာ ပိုချက်တီနိုက ဆက်လက်ပြောဆိုခဲ့သည်။

**ထက်အောင်**

## ဝင်းဂါး၏နေရာတွင် ဗီယာရာအား အစားထိုးသင့်သည်ဟု ရေးပါလာ မှတ်ချက်ပြု



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းအနေဖြင့် မန်နေဂျာ အာစင်ဝင်းဂါး၏နေရာတွင် အစားထိုးရန်အတွက် ပြင်သစ်ကွင်းလယ်ကစားသမားဟောင်း ပက်ထရစ်ဗီယာရာအား ပစ်မှတ်ထားသင့်ကြောင်း အာဆင်နယ်နှင့် အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ရေးပါလာက အကြံပြုပြော ဆိုလိုက်သည်။

အာဆင်နယ်အသင်းမှ တာဝန်ရှိသူများ၏ ရည်မှန်းထားသူများ အနက် ဗီယာရာ ပါဝင်ခြင်းမရှိသော်လည်း ဗီယာရာအား မန်နေဂျာရာထူးအတွက် ခေါ်ယူသင့်သည်ဟု ရေးပါလာက ယူဆထားသည်။

"ဗီယာရာဟာ အာဆင်နယ်အသင်းအကြောင်း ကောင်းကောင်းသိသူပါ၊ သူဟာ အာဆင်နယ်အသင်းကို လူငယ်ကစားသမားတစ်ဦးအနေနဲ့ ရောက်လာခဲ့ပြီး အသင်းခေါင်းဆောင်အဖြစ်တောင် တာဝန်ယူခွင့်ရရှိခဲ့သူ ဖြစ်ပါတယ်၊ အခုဆိုရင် ဗီယာရာက နယူးယောက်စီးတီးအသင်း နည်းပြအဖြစ် တာဝန်ယူရင်းနဲ့ နည်းပြအတွေ့အကြုံတွေလည်း ရရှိနေသူဖြစ်ပါတယ်၊ ဗီယာရာအနေနဲ့ အာဆင်နယ်အသင်းကို ပြန်လာဖို့ အခွင့်အရေးရရှိခဲ့မယ်ဆိုရင် ဒီအခွင့်အရေးကို သူလက်လွှတ်ခံမှာမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်၊ ဗီယာရာကို အာဆင်နယ်အသင်း မန်နေဂျာသစ် ခန့်အပ်မယ်ဆိုရင် ဒါက စွန့်စားမှုတစ်ခုတော့ ဖြစ်လာမှာပါ၊ ဒါပေမယ့် ဗီယာရာဟာ ဘောလုံးလောကရဲ့ လေးစားမှုခံရတဲ့ ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူ ဖြစ်ပါတယ်၊ ဒီအချက်က သူ့သာ အာဆင်နယ်အသင်း မန်နေဂျာအဖြစ် အာဆင်နယ် အသင်းဆီ နာမည်ကျော် ကစားသမားတွေ လာရောက်ဖို့အတွက် ဆွဲဆောင်မှု တစ်ခုဖြစ်လာနိုင်ပါတယ်၊ နောက်ပြီး သူဟာ အသင်းကို အကောင်းဆုံး ဦးဆောင်မှုလည်း ပေးနိုင်ပါလိမ့်မယ်"ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

**ဒီရက်ပိုင်းအတွင်းမှာတော့ အာစင်ဝင်းဂါးနဲ့ပတ်သက်နေတဲ့သတင်းဟာ မီဒီယာတွေပေါ်မှာ ပျံ့နှံ့လို့နေပါတယ်။ အင်္ဂလန်ရဲ့ထိပ်တန်းမီဒီယာတွေဖြစ်တဲ့ ဒေးလီမေးလ်၊ ဒေးလီစတားနဲ့ တယ်လီဂရက်တို့မှာလည်း အာစင်ဝင်းဂါးနဲ့ပတ်သက်တဲ့သတင်းကို အကျယ်တဝင့် ဖော်ပြနေကြပါတယ်။ အဲဒါကတော့ ဒီနှစ်ရာသီကုန်မှာ အာစင်ဝင်းဂါးကို အသင်းကနေထုတ်ပယ်တော့မယ်ဆိုတာပါပဲ။ အာစင်ဝင်းဂါးဟာ အာဆင်နယ်ကို ကိုင်တွယ်ခဲ့တာဟာ ၂၁ နှစ်ကြာခဲ့ပြီး ပရီမီယာလိဂ် ဆုဖလားကို နောက်ဆုံးရယူနိုင်ခဲ့တာက ၂၀၀၄ ခုနှစ်က ဖြစ်တယ်။ အချိန်တွေကြာလာပြီး အောင်မြင်မှုတွေ ခန်းခြောက်လာတော့ ပရိသတ်တွေရဲ့အားပေးမှုက အာစင်ဝင်းဂါးအပေါ် ပြောင်းပြန်တွေ ဖြစ်လာခဲ့တယ်။ အားပေးမှုအစား၊ ထုတ်ပယ်ပစ်ဖို့ဆန္ဒတွေရှိ လာခဲ့ကြတယ်။ ဒါပေမယ့် အသင်းပိုင်ရှင်တွေက အာစင်ဝင်းဂါးရဲ့ဘက်ကနေ မားမားမတ်မတ် ရပ်တည်ခဲ့ကြတယ်။ ဒါပေမယ့် အခုတော့ ရပ်တည်မှုတွေက ပြောင်းသွားခဲ့ပြီလို့ ပြောရမလိုပါပဲ။ အာဆင်နယ်အသင်းအနေနဲ့ အာစင်ဝင်းဂါးရဲ့နေရာမှာ ခန့်အပ်မယ့် မန်နေဂျာသစ်အတွက် လျာထားတဲ့မန်နေဂျာစာရင်းတောင် ထွက်ပေါ်နေပြီလည်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီထွက်ပေါ်နေတဲ့ လျာထားမန်နေဂျာတွေကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။**

# သက်တော်ရှည် မန်နေဂျာတစ်ဦးရဲ့ နီးကပ်လာတဲ့နိဂုံးနဲ့ ဆက်ခံမယ့်သူများ

**အောင်က**









### ဂျိုးအာချင်လို

ဂျာမနီနည်းပြ ဂျိုအားချင်လိုကတော့ အာဆင်နယ်အသင်းရဲ့ လျာထားစာရင်းမှာ ထိပ်ဆုံးကနေ ပါဝင်နေခဲ့သူလို့ ပြောရမှာပါ။ သူဟာ ကလပ်နည်းပြလောကကို ကျော ခိုင်းပြီး နိုင်ငံနည်းပြဘဝထဲကို ဝင်ရောက်သွား ခဲ့တာကတော့ ၂၀၀၄ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ သူဟာဂျာမနီအသင်းရဲ့ လက်ထောက်နည်းပြအဖြစ် နှစ်နှစ်ကြာလုပ်ပြီးမှ အဓိကနည်းပြဖြစ်လာခဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၄ခုနှစ်မှာ ကမ္ဘာ့ဖလားနဲ့ ၂၀၁၇ခုနှစ်မှာတော့ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားတို့ကို ရယူပေးနိုင်ခဲ့သူ တစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့လက်ရှိဂျာမနီအသင်းနဲ့ စာချုပ်သက်တမ်းက ၂၀၂၀ပြည့်နှစ်မှာသာကုန်မှာဖြစ်ပေမယ့် အာဆင်နယ်အသင်းကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးတာနဲ့ ခေါ်ယူသွားဖို့ကိုတော့ စီစဉ်ထားတယ်လို့လည်း ဆိုပါတယ်။ ကလပ်မန်နေဂျာလောကနဲ့ ၁၄ နှစ်ကြာဝေးကွာထားတဲ့ ဂျိုးအာချင်လို အနေနဲ့ ကလပ်မန်နေဂျာလောကမှာ အောင်မြင်နိုင်မလားဆိုတာက တော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

### လီယိုနာဒို ဂျော်ဒင်

အာဆင်နယ်အသင်းအတွက်ကတော့ လူငယ်ကစားသမားတွေကို ကောင်းမွန်စွာကိုင်တွယ်နိုင်ပြီး အတွေ့အကြုံရှိကစားသမားတွေကို ထိန်းချုပ်နိုင်စွမ်းရှိတဲ့ မန်နေဂျာမျိုးလိုအပ်တာကတော့ အမှန်ပါပဲ။ မိုနာကိုနည်းပြ လီယိုနာဒို ဂျော်ဒင်ကတော့ အဲဒီလိုအရည်အချင်းတွေနဲ့ ပြည့်ဝတယ်လို့ ပြောရမှာပါ။ သူဟာ မိုနာကိုအသင်းနဲ့အတူပြီးခဲ့တဲ့ ရာသီက ပြင်သစ်လီဂူးဝမ်းဆုဖလားကို ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့်သူဟာ ထိပ်တန်းကစားသမားတွေအသင်းမှာ ဆက်လက်ရှိနေဖို့ကိုတော့ မထိန်းထားနိုင်ဘူးလို့ ပြောရမှာပါ။ ဘာကာယိုကို၊ အမ်ဘာပေ၊ မန်ဒီ၊ ဘာနာဒိုဆေးလ်ဗား တို့နဲ့ အခြားအသင်းရဲ့အဓိကကစားသမား အနည်းငယ်ဟာ သူ့ရဲ့ လက်အောက်ကနေအသင်းကို စွန့်ခွာသွားခဲ့ကြတာ ဖြစ်ပါတယ်။ အခုတော့ သူဟာ ကျန်ရှိနေတဲ့ကစားသမားတွေနဲ့ ပီအက်စ်ဂျီကို ခက်ခက်ခဲခဲ ရင်ဆိုင်နေရတယ်လို့ပြောရမှာပါ။ ဂျော်ဒင်ရဲ့ လက်ရှိစာချုပ်သက်တမ်းကလည်း ၂၀၂၀ပြည့်နှစ်မှသာကုန်မှာ ဖြစ်ပါတယ်။ သူ့ကို ခန့်အပ်မယ်ဆိုရင် ကောင်းမွန်တဲ့အရာတစ်ခုဖြစ်နိုင်သလို စွန့်စားမှုတစ်ခုလည်း ဖြစ်နိုင်ပါတယ်။ သူရဲ့ဘောလုံးနည်းစနစ်ပိုင်းဟာ အာစင်ဝင်းဂါးနဲ့ တူညီပေမယ့် ပရီမီယာလိဂ်မှာ အောင်မြင်နိုင်မလားဆိုတာကတော့ ပြောလို့မရနိုင်တဲ့ အရာလို့သာပြောရမှာပါ။

### အွန်နရီ

ရီးရဲမက်ဒရစ်အသင်းကို ဇီဒန်း အောင်မြင်မှုရယူပေးနိုင်သလို အွန်နရီကရော အာဆင်နယ်ကိုအောင်မြင်မှုတွေ ရယူပေးနိုင်မလား။ အာဆင်နယ် အသင်းဂန္ထဝင်ကစားသမား အွန်နရီကတော့ ပြီးခဲ့တဲ့ရက်ပိုင်းကပဲ သူဟာ အာဆင်နယ်အသင်းကို ကိုင်တွယ်ဖို့အတွက် ဆန္ဒရှိနေကြောင်းကို ထုတ်ဖော်ပြောဆိုထားခဲ့သေးတယ်။ သူဟာ အာဆင်နယ် အသင်းရဲ့လူငယ်အကယ်ဒမီနည်းပြအဖြစ် လုပ်ကိုင်ခဲ့သေးတယ်။ ဒါပေမယ့် အာစင်ဝင်းဂါးမှာက လူငယ်တွေနဲ့ပတ်သက်ပြီး မတူညီတဲ့အတွေးအခေါ်တွေရှိနေခဲ့တာကြောင့် သူဟာ အသင်းကနေ ထွက်ခွာသွားခဲ့တယ်။ အခုတော့သူဟာ ဘယ်လ်ဂျီယံအသင်းမှာ နည်းပြမာတီးနက်ဇ်ရဲ့ လက်ထောက်နည်းပြအဖြစ် လုပ်ကိုင်နေတယ်။ သူ့ကိုခေါ်ယူချင်တယ်ဆိုရင်လည်း ကမ္ဘာ့ဖလားပြီးတဲ့အထိတော့ စောင့်ရဦးမှာ ဖြစ်ပါတယ်။

### ရော်ဂျာစ်

အာစင်ဝင်းဂါးရဲ့နေရာမှာ ဆက်ခံမယ့် လျာထားတဲ့မန်နေဂျာတွေရဲ့ စာရင်းမှာ အံ့သြစရာပါဝင်လာခဲ့သူကတော့ ဘရန်ဒန်ရော်ဂျာစ် ဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ်ကလပ် ဆွမ်ဆီးနဲ့ လီဗာပူးအသင်းတို့ကို ကိုင်တွယ်ထားဖူးသူဖြစ်တာကြောင့် ပရီမီယာလိဂ် ပရိသတ်တွေနဲ့ မစိမ်းတဲ့သူတစ်ဦးဖြစ်ပါတယ်။ ဘာကြောင့်သူ့ကို အာဆင်နယ်အသင်းကို ကိုင်တွယ်ဖို့အတွက် လျာထားရလဲဆိုရင်တော့ သူ့ရဲ့အတွေ့အကြုံနဲ့ နည်းဗျူဟာတွေကြောင့်လို့ ပြောနိုင်တယ်။ သူ့ရဲ့အတွေ့အကြုံနဲ့ နည်းဗျူဟာတွေဟာ အာဆင်နယ်နဲ့ ကောင်းကောင်း အံဝင်နိုင်တဲ့ အရာတွေလို့ ပြောရမယ်။ သူဟာ ဆွမ်ဆီးနဲ့ လီဗာပူး အသင်းတို့ကို ကိုင်တွယ်ခဲ့စဉ်က ဘာဆုဖလားကိုမှ မရရှိခဲ့ပေမယ့် သူ့ရဲ့လက်အောက် မှာ တော့ အသင်းတွေဟာ တည်ငြိမ်စွာနဲ့ အဆင့်တစ်ဆင့်မှာ ရပ်တည်နိုင်ခဲ့တယ်။ ဒါ့အပြင် စကော့တလန်ကလပ်ဆဲလ်တစ်ကို ပြောင်းသွားတော့ သူဟာဆဲလ်တစ် အသင်းအတွက် ဆုဖလားကိုရယူပေးနိုင်ခဲ့တယ်။ အခုတော့ စကော့တလန် မှာ ရော်ဂျာစ်ကိုင်တွယ်တဲ့ ဆဲလ်တစ်ဟာ တစ်ကောင်တည်း ဦးဆောင်ပြေးနေတဲ့ မြင်းတစ်ကောင်လိုတောင်ဖြစ်နေတယ်။

### အာတီတာ

အာတီတာဟာ အာစင်ဝင်းဂါးရဲ့နေရာမှာ ဆက်ခံမယ့် မန်နေဂျာတွေစာရင်းမှာတော့ ပါဝင်လို့နေပါတယ်။ အခြားလျာထားသူ အားလုံးဟာ ဝါရင့်မန်နေဂျာတွေဖြစ်ပေမယ့် အာတီတာကတော့ လက်ထောက်နည်းပြအဖြစ် လုပ်ကိုင်တာဟာ လပိုင်းသာရှိပြီး တစ်နှစ်တောင် မပြည့်သေးတဲ့သူ ဖြစ်ပါတယ်။ သူဟာပြီးခဲ့တဲ့ရာသီက ဘောလုံးကစားသမားဘဝကနေ အနားယူသွားခဲ့တာဖြစ်ပြီး ဂွါဒီယိုလာရှိတဲ့ မန်စီးတီးအသင်းရဲ့ လက်ထောက်နည်းပြအဖြစ် လုပ်ကိုင်နေသူလည်း ဖြစ်ပါတယ်။ သူဟာ မန်စီးတီး အသင်းနည်းပြအဖွဲ့မှာ တစ်နှစ်တောင် မပြည့်သေးပေမယ့် အာဆင်နယ်ကတော့ ပြန်ခေါ်ဖို့စဉ်းစားနေပြီဖြစ်ပါတယ်။ ဘာကြောင့် သူ့လိုဝါနုတဲ့ သူတစ်ဦးကို အာဆင်နယ်အသင်းကနေ ခေါ်ယူချင်တာလဲ ဆိုတာကတော့ အခုအချိန်မှာ ပြောဖို့တော့ အလွန်ခက်ပါသေးတယ်။ ။

**အာဆင်နယ်အသင်း ဂန္ထဝင်ကစားသမား အွန်နရီကတော့ ပြီးခဲ့တဲ့ရက်ပိုင်းကပဲ သူဟာ အာဆင်နယ်အသင်းကို ကိုင်တွယ်ဖို့ အတွက် ဆန္ဒရှိနေကြောင်းကို ထုတ်ဖော်ပြောဆိုထားခဲ့သေး တယ်။ သူဟာ အာဆင်နယ်အသင်းရဲ့ လူငယ်အကယ်ဒမီ နည်းပြအဖြစ် လုပ်ကိုင်ခဲ့သေးတယ်။ ဒါပေမယ့် အာစင်ဝင်းဂါး မှာက လူငယ်တွေနဲ့ပတ်သက်ပြီး မတူညီတဲ့အတွေးအခေါ် တွေရှိ နေခဲ့တာကြောင့် သူဟာ အသင်းကနေ ထွက်ခွာသွားခဲ့တယ်။**

# ချယ်လ်ဆီးကိုအိမ်ကွင်းမှာ မန်စီးတီးထပ်မံအနိုင်ယူနိုင်မှာလား




● ဝေ မိုး ဆက်

ပရီမီယာလိဂ်ပွဲစဉ် ၂၉ ကို မတ်လ ၃ ရက်၊ ၄ရက်၊ ၆ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ ဆုံတွေ့နေပါတယ်။ မန်စီးတီးဟာ အာဆင်နယ်နဲ့ကစားပြီး ဒီပွဲကိုကြားတစ်ရက်သာခြားပြီး ကစားရမှာဖြစ်တဲ့အတွက် ရလဒ်ကောင်းရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် အဆိုပါဆုံတွေ့မှုကို မန်ယူ၊ လီဗာပူး၊ စပါး၊ အာဆင်နယ်တို့အခွင့်အရေးအဖြစ် အသုံးချနိုင်မလားဆိုတာလည်း စောင့်ကြည့်ရမယ်။



## မန်စီးတီး VS ချယ်လ်ဆီး

| တနင်္ဂနွေနေ့ | ၄-၃-၁၈ | ည ၁၀း၃၀ |
|---|---|---|
| ပကျော့ | ချယ်လ်ဆီး ၀ - ၁ မန်စီးတီး | |

မန်စီးတီးက ဒီပွဲမတိုင်ခင် အာဆင်နယ်နဲ့ ကစားခဲ့ရလို့ ပွဲပန်းနိုင်သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဦးမှာပါ။ ချယ်လ်ဆီးကတော့ ချန်ပီယံလိဂ်ပွဲလည်းကစားရဖို့ မရှိသေးတာကြောင့် အားစိုက်လာမှာ ဖြစ်ပါတယ်။ မန်စီးတီးအိမ်ကွင်းဖြစ်နေသလို လက်ရှိအချိန်မှာလည်း မန်စီးတီးရဲ့ခြေစွမ်းနဲ့တိုက်စစ်က ကောင်းမွန်နေပေမယ့်လည်း ချယ်လ်ဆီးတို့ သရေလောက် ကစားသွားနိုင်ဖို့ရှိပါတယ်။

### ဘန်လေ Vs အဲဗာတန်

| ပကျော့ | အဲဗာတန် | ၀ | ၁ | ဘန်လေ |
|---|---|---|---|---|

လက်ရှိအချိန်မှာ အဲဗာတန်တို့နိုင်ပွဲပြန်ရဖို့အတွက် တိုက်စစ်အားပြုကစားမှာဖြစ်ပေမယ့် ဘန်လေခံစစ်ပိုင်းကလည်း ကောင်းမွန်တာကြောင့် အဲဗာတန်ဂိုးရဖို့ခက်ခဲနိုင်ပါတယ်။ ဘန်လေအနေနဲ့ အိမ်ကွင်းဖြစ်နေတာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာမှာဖြစ်သလို အဲဗာတန်ကလည်း အဝေးကွင်းပွဲတွေမှာ ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုအားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အဲဗာတန်အနေနဲ့ ဘန်လေကိုပထမအကျော့ ရှုံးကြွေးပြန်ဆပ်ဖို့ခက်ပြီး ဘန်လေအနိမ့်ဆုံးသရေရမယ်။

### လက်စတာ Vs ဘွန်းမောက်

| ပကျော့ | ဘွန်းမောက် | ၀ | ၀ | လက်စတာ |
|---|---|---|---|---|

အခုအချိန်မှာ လက်စတာအနေနဲ့ နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းဖြစ်နေပါတယ်။ လက်စတာတိုက်စစ်က အခုအချိန်မှာ ဂိုးသွင်းခြေမတည်ငြိမ်ပေမယ့် ဘွန်းမောက်ခံစစ်က လက်ရှိအချိန်မှာ ကျစ်လျစ်မှုအားနည်းနေတာကို တွေ့ရပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် လက်စတာတို့ အားစိုက်ကစားလာမှာဖြစ်သလို ဘွန်းမောက်ရဲ့ ခံစစ်အားနည်းမှုကြောင့် လက်စတာပဲနိုင်ပွဲရမယ်။

### ဆွမ်ဆီး Vs ဝက်စ်ဟမ်း

| ပကျော့ | ဝက်စ်ဟမ်း | ၁ | ၀ | ဆွမ်ဆီး |
|---|---|---|---|---|

လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ အဝေးကွင်းခံစစ်ကစားပုံက အားနည်းနေသလို ဆွမ်ဆီးကလည်း တန်းမဆင်းရဖို့အတွက် အားစိုက်ကစားပြီး နိုင်ပွဲရဖို့ကြိုးစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် အခုနောက်ပိုင်းမှာ ဆွမ်ဆီးရဲ့အိမ်ကွင်းခြေကလည်း ကောင်းမွန်ပါတယ်။ ဆွမ်ဆီးအနေနဲ့ တန်းမဆင်းရဖို့အတွက် အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေသလို အိမ်ကွင်းလည်းဖြစ်လို့ ပထမအကျော့က ရှုံးနိမ့်ခဲ့ရမှုကို ပြန်လည်ချေပပြီး နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဆောက်သမ်တန် Vs စတုတ်

| ပကျော့ | စတုတ် | ၂ | ၁ | ဆောက်သမ်တန် |
|---|---|---|---|---|

ဆောက်သမ်တန်တို့နိုင်ပွဲရဖို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်ပြီး စတုတ်ကတော့ အဝေးကွင်းခြေစွမ်းပိုင်းအားနည်းမှုရှိနေတာကြောင့် ဆောက်သမ်တန်ကို တုံ့ပြန်ဖိအားပေးနိုင်ဖို့ ခက်ပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်အနေနဲ့ တန်းမဆင်းရဖို့ဆိုရင် ဒီလိုပွဲမျိုးမှာ အနိုင်ရဖို့လိုအပ်နေတာကြောင့် အိမ်ကွင်းမှာ မဖြစ်မနေ အနိုင်ရဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ပထမအကျော့တုန်းက စတုတ်တို့ အိမ်ကွင်းနိုင်ပွဲရရှိခဲ့ပေမယ့် ဒီပွဲမှာတော့ ဆောက်သမ်တန်နိုင်ပွဲပြန်ရမယ်။

### ပဲလေ့စ် Vs မန်ယူ

| ပကျော့ | မန်ယူ | ၄ | ၀ | ပဲလေ့စ် |
|---|---|---|---|---|

လက်ရှိအချိန်မှာ ပဲလေ့စ်တို့ ခြေစွမ်းအားနည်းနေတာမှန်ပေမယ့်လည်း အိမ်ကွင်းပွဲဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ မန်ယူကတော့ ချန်ပီယံလိဂ်ကစားရဖို့မရှိပေမယ့်လည်း တိုက်စစ်ပိုင်းကထင်သလောက် ကောင်းမွန်လာမှု မရှိပါဘူး။ ဒါ့အပြင် ပဲလေ့စ်အနေနဲ့လည်း မန်ယူကိုတိုက်စစ်ချင်းတုံ့ပြန်ဖို့ထက် ခံစစ်ကိုဦးစားပေးကာ တန်ပြန်တိုက်စစ်နဲ့သာတုံ့ပြန်နိုင်ခြေရှိလို့ မန်ယူပဲ ကပ်ပြီးနိုင်မယ်။

### လီဗာပူး Vs ကာဆယ်

| ပကျော့ | ကာဆယ် | ၁ | ၁ | လီဗာပူး |
|---|---|---|---|---|

ပထမအကျော့တုန်းက ကာဆယ်တို့ လီဗာပူးကို သရေကစားနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း လီဗာပူးတိုက်စစ်ပိုင်း ကောင်းမွန်နေတာမှန်ပေမယ့် ကာဆယ်ကလည်း အမှတ်ရအောင် ကစားနိုင်နေသလို အသင်းကြီးတွေနဲ့ ပွဲတွေမှာဆိုရင် ကာဆယ်တို့ခံစစ်အားပြုကစားတတ်ပါတယ်။ ဒါကြောင့် လီဗာပူး ဂိုးပြတ်နိုင်ဖို့ခက်ပြီး အိမ်ကွင်းမှာ ကပ်ပြီးသာအနိုင်ရသွားဖို့ ရှိပါတယ်။

### စပါး Vs ဟက်ဒါဖီးလ်

| ပကျော့ | ဟက်ဒါဖီးလ် | ၀ | ၄ | စပါး |
|---|---|---|---|---|

လက်ရှိအချိန်မှာ စပါးခြေကောင်းနေသလို အိမ်ကွင်းလည်းဖြစ်ပေမယ့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိတာကြောင့် ပွဲချိန်ပြည့်အားစိုက်နိုင်ဖို့ခက်တယ်။ ဟက်ဒါဖီးလ်ရဲ့ လက်ရှိခြေကလည်း မဆိုးဘူး။ ဒါပေမယ့် စပါးအနေနဲ့ အိမ်ကွင်းဖြစ်သလို ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက်လည်း အမှားမခံတဲ့အပြင် ဒီပွဲစဉ်မှာ ချယ်လ်ဆီးက မန်စီးတီးနဲ့ဆုံနေရတာကြောင့် စပါးတို့နိုင်ပွဲရအောင်တော့ ကစားသွားမှာပါ။

### ဘရိုက်တန် Vs အာဆင်နယ်

| ပကျော့ | အာဆင်နယ် | ၂ | ၀ | ဘရိုက်တန် |
|---|---|---|---|---|

အာဆင်နယ်တို့ မန်စီးတီးနဲ့ ကြားရက်မှာ ကစားခဲ့ရတာကြောင့် ပွဲပန်းနိုင်သလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ကစားရဖို့ရှိတဲ့အတွက် ခြေကုန်ထုတ်ဖို့ခက်ပါတယ်။ ဘရိုက်တန်က အိမ်ကွင်းခြေစွမ်းကောင်းမွန်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရနေတာကြောင့် ခံစစ်ထင်သလောက်မကောင်းတဲ့ အာဆင်နယ်ကို တုံ့ပြန်ဖိအားပေးနိုင်မှာပါ။ အာဆင်နယ်တို့ နိုင်မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ခက်လွန်းတယ်။

### ဝက်ဖို့ဒ် Vs ဝက်စ်ဘရွန်း

| ပကျော့ | ဝက်စ်ဘရွန်း | ၂ | ၂ | ဝက်ဖို့ဒ် |
|---|---|---|---|---|

ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းခြေကတော့ ကောင်းမွန်မှုရှိနေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရနေကာ ဝက်စ်ဘရွန်းကလည်း အဝေးကွင်းမှာ ခြေစွမ်းပိုမိုအားနည်းတတ်ပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းက အဝေးကွင်းပွဲတွေမှာဆိုရင် ခံစစ်ကစားပုံပိုမိုအားနည်းတတ်သလို ဝက်ဖို့ဒ်ကတော့ အိမ်ကွင်းဖြစ်နေတာကြောင့် တိုက်စစ်အားပြုကစားလာမှာ သေချာနေတယ်။ ဝက်ဖို့ဒ်ပဲ အနိုင်ရမယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၂၉)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၃-၃-၁၈ |
| ဘန်လေ | - | အဲဗာတန် | ည ၇း၀၀ |
| လက်စတာ | - | ဘွန်းမောက် | ည ၉း၃၀ |
| ဆောက်သမ်တန် | - | စတုတ် | ည ၉း၃၀ |
| ဆွမ်ဆီး | - | ဝက်စ်ဟမ်း | ည ၉း၃၀ |
| စပါး | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| လီဗာပူး | - | ကာဆယ် | နံနက် ၀၀း၀၀ |
| တနင်္ဂနွေနေ့ | | | ၄-၃-၁၈ |
| ဘရိုက်တန် | - | အာဆင်နယ် | ည ၈း၀၀ |
| မန်စီးတီး | - | ချယ်လ်ဆီး | ည ၁၀း၃၀ |
| တနင်္လာနေ့ | | | ၅-၃-၁၈ |
| ပဲလေ့စ် | - | မန်ယူ | နံနက် ၂း၃၀ |

## စပိန်လီဂါပွဲစဉ် (၂၇)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၃-၃-၁၈ |
| ဗီလာရီးရဲ | - | ဂျီရိုနာ | ည ၆း၃၀ |
| ဆီဗီလာ | - | ဘီဘာအို | ည ၉း၄၅ |
| လီဂါနက်စ် | - | မာလာဂါ | နံနက် ၀၀း၀၀ |
| ဒီပို့တီဗို | - | အီဘာ | နံနက် ၀၀း၀၀ |
| ရီးရဲ | - | ဂီတာဖေး | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၄-၃-၁၈ |
| လီဗန်တေး | - | အက်စ်ပန်ညို | ည ၅း၃၀ |
| ဘာစီလိုနာ | - | အက်သလက် | ည ၉း၄၅ |
| ဆိုစီဒက်စ် | - | အလာဗက်စ် | နံနက် ၀၀း၀၀ |
| ဗလင်စီယာ | - | ဘက်တစ် | နံနက် ၂း၁၅ |
| တနင်္လာနေ့ | | | ၅-၃-၁၈ |
| ဆဲလ်တာဗီဂို | - | လက်ပဲလ်မက်စ် | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၈)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂-၃-၁၈ |
| နိုက်စ် | - | လိုင်လီ | နံနက် ၀၀း၃၀ |
| မိုနာကို | - | ဘော်ဒိုး | နံနက် ၂း၁၅ |
| စနေနေ့ | | | ၃-၃-၁၈ |
| ထရွိုင်းယက်စ် | - | ပီအက်စ်ဂျီ | ည ၁၀း၃၀ |
| အာမီယန် | - | ရိန်းစ် | နံနက် ၁း၃၀ |
| အန်ဂျာစ် | - | ဂူအင်ဂမ့် | နံနက် ၁း၃၀ |
| မက်ဇ် | - | တူးလောက်စ် | နံနက် ၁း၃၀ |
| စိန့်အေတီယန် | - | ဒီဂျွန် | နံနက် ၁း၃၀ |
| တနင်္ဂနွေနေ့ | | | ၄-၃-၁၈ |
| ကိန်း | - | စထရက်ဘော့ချ် | ည ၈း၃၀ |
| မောင့်ပယ်လီယာ | - | လိုင်ယွန် | ည ၁၀း၃၀ |
| မာဆေး | - | နန့်စ် | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၇)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၃-၃-၁၈ |
| SPAL | - | ဘလော့ညာ | ည ၈း၃၀ |
| လာဇီယို | - | ဂျူဗင်တပ်စ် | ည ၁၁း၃၀ |
| နာပိုလီ | - | ရိုးမား | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၄-၃-၁၈ |
| ဂျီနိုအာ | - | ကယ်ဂလီယာရီ | ည ၆း၀၀ |
| တိုရီနို | - | ခရိုတိုနီ | ည ၈း၃၀ |
| အူဒီးနီးစ် | - | ဖီအိုရင်တီးနား | ည ၈း၃၀ |
| ဘီနီဗန်တို | - | ဗီရိုနာ | ည ၈း၃၀ |
| အတ္တလန္တာ | - | ဆမ်ဒိုးရီးယား | ည ၈း၃၀ |
| ချီယေဗို | - | ဆက်ဆူအိုလို | ည ၈း၃၀ |
| မီလန် | - | အင်တာ | နံနက် ၂း၁၅ |

CHAMPIONS LEAGUE

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့်

| | | | |
|---|---|---|---|
| အင်္ဂါနေ့ | | | ၆-၃-၁၈ |
| လီဗာပူး | - | ပေါ်တို | နံနက် ၂း၁၅ |
| ပီအက်စ်ဂျီ | - | ရီးရဲ | နံနက် ၂း၁၅ |
| ဗုဒ္ဓဟူးနေ့ | | | ၇-၃-၁၈ |
| စပါး | - | ဂျူဗင်တပ်စ် | နံနက် ၂း၁၅ |
| မန်စီးတီး | - | ဘေဆယ် | နံနက် ၂း၁၅ |

# JICA မှ မြစ်ရေသန့်ပေးဝေနိုင်မှုကြောင့် ဖျာပုံမြို့တွင် ရေကန်များ ရေခန်းခြောက်မှုမရှိ

**ဖျာပုံ မတ် ၁**

ဖျာပုံမြို့ပေါ်ရှိ သောက်သုံးရေကန် ၆၀ ကျော်တွင် ယခင်နှစ်များက တပေါင်းလရောက်သည်နှင့် ရေများ ခန်းခြောက်ခဲ့သော်လည်း ယခုနှစ်တွင် JICA ၏ စီမံကိန်းဖြင့် ၂၀၁၇ မေလမှစတင်၍ မြစ်ရေသန့်ပေးဝေနိုင်မှုကြောင့် သောက်သုံးရေကန်များ ရေခန်းခြောက်ခြင်း မရှိသည်ကို တွေ့ရသည်။

ဖျာပုံမြို့ဗိုလ်ချုပ်လမ်းနေ ပြည်သူတစ်ဦးက "အရင်က ဖျာပုံမြို့ပေါ်မှာရှိတဲ့ သောက်သုံးရေကန်များဟာ တပေါင်းလရောက်တာနဲ့ ရေများ ခန်းခြောက်ကုန်လို့ သောက်ရေရော သုံးရေပါ ခက်ခဲခဲ့ပါတယ်။ ရေထမ်းရောင်းသူ ရေလှည်းတွန်းရောင်းသူတွေကလည်း သူခေါ်ကိုယ်ခေါ်ဆိုတော့ ခေါ်လို့မလွယ်ပါဘူး၊ ဒီနှစ်တော့ (JICA)မြစ်ရေသန့်က သောက်ရေရောသုံးရေပါ အဆင်ပြေတဲ့အပြင် ဈေးနှုန်းကလည်းသက်သာတော့ ရေသုံးစွဲတာ အတော်အဆင်ပြေနေပါတယ်"ဟု ပြောသည်။

ဖျာပုံမြို့(၇)ရပ်ကွက်(၈)လမ်းရှိ သောက်ရေကန်ကြီးကို အမှီပြုပြီး နှစ်များစွာ ရေထမ်းရောင်းခဲ့သူ ကိုတိုးက "မြစ်ရေသန့်မပေးခင်က ရေယူတဲ့အိမ် ၃၀ ကျော်ရှိလို့ တစ်ရက်ဝင်ငွေ ကျပ် ၆၀၀၀ ကျော်ရှိပါတယ်၊ အခုတော့ ရေယူတဲ့အိမ် ၁၀ အိမ်ပဲရှိတော့လို့ ဝင်ငွေကျပ် ၂၀၀၀ ကျော်ပဲ ရှိပါတော့တယ်။ ကိုယ့်ဝင်ငွေနည်းသွားပေမယ့် ပြည်သူတွေ ရေကောင်းရေသန့်ရလို့ ဝမ်းသာပါတယ်" ဟု ပြောသည်။



တပေါင်းလလယ်အထိ ရေမခန်းသေးသော (၈)လမ်းရှိ အများပြည်သူသုံးသောက်ရေကန်ကြီး

ဖျာပုံမြို့သည် ယခင်က မိုးကာလမှအပ ကျန်အချိန်များတွင် သောက်သုံးရေအခက်အခဲ ကြုံတွေ့ခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ကာ ယခုနှစ်တွင်မှ JICA မြစ်ရေသန့် ဖြန့်ဝေပေးနိုင်ခြင်းကြောင့် ရေအတွက် နှစ်စဉ်ကြုံတွေ့နေရသော အခက်အခဲများ အဆင်ပြေသွားခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ကမ်ပိန်းတစ်ခုပြုလုပ်

**ပေါက် မတ် ၁**

လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်းကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်ပြီး ပေါက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းတွင် ရွှေမုဋ္ဌော၊ ရွှေပေါင်းလောင်ဘုရားပွဲ ပွဲဈေး၌ ပြခန်းဖွင့်ကာ ကမ်ပိန်းတစ်ခုပြုလုပ်ခဲ့သည်။

